# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၁၇) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၁၃ ရက် ၊ ၂၆-၃-၂၀၂၅၊ ဗုဒ္ဓဟူးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

မျက်စိဖြင့်(အကုသိုလ် မဖြစ်အောင်)စောင့်စည်းခြင်းသည် ကောင်း၏။ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကျင်းပ

## လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ စာမျက်နှာ ၃ သို့ ✰

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၅**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မတ် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## တီဘီရောဂါပပျောက်ရေး အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ရမည်

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအနေဖြင့် တီဘီရောဂါ ရှာဖွေခြင်းလုပ်ငန်းတွင် အချိန်မရွေး၊ နေရာဒေသမရွေး စမ်းသပ်စစ်ဆေးပေးနိုင်သည့် အဆင့်မြင့်နည်းပညာသုံးစက်ပစ္စည်းများကို အသုံးပြုသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တီဘီရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သောရောဂါဖြစ်ပြီး ကမ္ဘာပေါ်တွင် အသေအပျောက်အများဆုံး ရောဂါများထဲမှ တစ်ခုဖြစ်ကာ မြန်မာနိုင်ငံတွင် ဦးစားပေးဖြေရှင်းရမည့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်လည်းဖြစ်ကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကို သုညအထိ လျှော့ချရန် ရည်မှန်းချက်ဖြင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တီဘီရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုမည့် တီဘီဆေးနှင့် ဆေးပစ္စည်းများကို နိုင်ငံတော် ရန်ပုံငွေဖြင့် ဝယ်ယူဖြည့်တင်းပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၅ ဒသမ ၅ ဘီလီယံ ခွဲဝေချထားသုံးစွဲခဲ့ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက မတ် ၂၄ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် တီဘီလူနာရှာဖွေတွေ့ရှိမှုနှုန်း၊ ဆေးကုသမှုအောင်မြင်နှုန်း ရည်မှန်းချက်မပြည့်မီသော တိုင်းဒေသကြီး၊ ပြည်နယ်များအနေနှင့် ပိုမို၍ ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တီဘီလူနာတွေ့ရှိပါက ကျန်းမာရေးဝန်ကြီးဌာနသို့ မဖြစ်မနေ မပျက်မကွက် သတင်းပို့ကြရန်လိုအပ်ပြီး တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ ပိုမိုပါဝင်လာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကလေးများတွင် တီဘီရောဂါ ရှာဖွေခြင်းကို အဆင့်မြင့်ဓာတ်ခွဲပစ္စည်းများဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ကျောင်းအခြေပြု တီဘီရောဂါရှာဖွေရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တီဘီလူနာနှင့် အတူနေမိသားစုထဲမှ အသက်ငါးနှစ်အောက်ကလေးများကို တီဘီရောဂါမဖြစ်ပွားအောင် တီဘီရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဆောင်ရွက်လျက်ရှိပြီး အသက်ငါးနှစ်အထက်ရှိသူများကိုလည်း တီဘီရောဂါကာကွယ်ဆေး တိုက်ကျွေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် တီဘီရောဂါပပျောက်ဖို့၊ ကတိပြုရင်းနှီးမြှုပ်နှံလို့၊ အားလုံးပါဝင်ဆောင်ရွက်စို့နှင့်အညီ တီဘီရောဂါပပျောက်ရေးအတွက် အားလုံးပါဝင် ကတိကဝတ်ပြုကြပြီး လူအင်အား၊ ငွေအင်အား ရင်းနှီးမြှုပ်နှံကြကာ တီဘီရောဂါ ကာကွယ်ကုသရေး ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီရရှိနိုင်ရန် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများ အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံရောင်းချခြင်းအခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများရှိ အခြားအခွင့်အရေးအရပ်ရပ်ဆိုင်ရာလေလံလုပ်ငန်းများနှင့် ဝက်၊ ဆိတ်၊ အမဲ အသားဆိုင်ရောင်းချလုပ်ကိုင်ခွင့်နှင့် လမ်းအသုံးပြုခ အိတ်ပိတ်လေလံရောင်းချခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ဖဲထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အခမ်းအနားသို့ လေလံကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ လေလံကော်မတီဝင်များဖြစ်ကြသည့် ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ အခွန်ဌာန ဌာနမှူး ဦးစိုးမိုးသိမ်းနှင့် အဖွဲ့ဝင်များ၊ လေလံလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လေလံကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ရှေ့မှောက်တွင် အိတ်ပိတ်လေလံစာအိတ်များကို ဖွင့်ဖောက်၍ အမြင့်ဆုံးဈေးပေးနိုင်သည့် လေလံလုပ်ငန်းရှင်များအား လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်တမ်းရယူ ကြေညာခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံလုပ်ငန်းများအား အိတ်ပိတ်လေလံ ရောင်းချရာ မြစ်ငယ်ဂိတ်နှင့်ဂိတ်ခွဲများ လမ်းအသုံးပြုခ၊ တန်ပိုကြေးကောက်ခံမှုလုပ်ငန်းလုပ်ကိုင်ခွင့်(၁)ခု၊ ယာဉ်ရပ်အပ်နှံခကောက်ခံခွင့်(၃)နေရာ၊ ရေချိုးရုံ အိမ်သာကောက်ခံခွင့်(၃)နေရာ၊ ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်(၁)နေရာ၊ ဝက်သားဆိုင်(၁)ခု၊ ဆိတ်သားဆိုင်(၂)ဆိုင်၊ အမဲသားဆိုင်(၂)ဆိုင်တို့ကို အိတ်ပိတ်လေလံရောင်းချဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၃)**

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းကာ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥနှင့် ငါးများကို အထူးသက်သာသော ဈေးနှုန်းများဖြင့် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀နှင့် လမ်း၄၀ ထောင့်တွင် ရောင်းချပေးခဲ့သည်။

ရောင်းချပေးမှုအဖြစ် မတ် ၂၆ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(စစ-၆)အောင်ပင်လယ်ရပ်ကွက်၊ ၁၀၆လမ်း၊ ၅၄လမ်းနှင့် ၅၄ B လမ်းကြားတွင်လည်းကောင်း၊ မတ် ၂၈ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

## ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်း တတိယအကြိမ် စာတမ်းဖတ်ပွဲ ကျင်းပမည်

**မန္တလေး မတ် ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းသည် ပြန်ကြားရေးဝန်ကြီးဌာန မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တတိယအကြိမ်စာတမ်းဖတ်ပွဲကို မတ် ၂၈ ရက် နံနက် ၁၀နာရီတွင် ၃၅လမ်း၊ လမ်း ၈၀ထောင့်ရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း ဆရာစိုင်းအောင်မိန်း (မိုတိုင်း)ထံက သိရသည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် ဆရာမနုနုကြည်(အမေ့အိမ်)က ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှု မှတ်တမ်းဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည့် "သခင်မတောင် ပန်းကောက်ပွဲဓလေ့နှင့် အိမ်ရှေ့မင်းထန်းတော" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာရှေ့နေမောင်မောင်ညိုက "လူငယ်နှင့်ပရဟိတ" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြားကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။ **(PNT)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်သွားရောက်၍ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် မတ်လပထမပတ်အတွင်း သွားရောက်ခဲ့ကြောင်း၊ ထိုသို့သွားရောက်စဉ်အတွင်း ဘယ်လာရုစ် သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရလည်း နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တစ်ပါတည်း သွားရောက်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အလားတူမြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ရှိသည်ကို တွေ့မြင်သိရှိခဲ့ရကြောင်း၊ အလားတူလွှတ်တော်များမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံလွှတ်တော်များသို့ မြန်မာနိုင်ငံမှလေ့လာရေးအဖွဲ့များ စေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့များသို့လည်း ရောက်ရှိခဲ့ပြီး ဒေသအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ခရီးသွားကဏ္ဍတိုးတက်ရေး၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ရေးကဏ္ဍများကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အာကာသသိပ္ပံဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်စဉ်ကာလအတွင်း သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာများ၊ ဆေးနှင့်ဆေးဝါးထုတ်လုပ်ရေးဆိုင်ရာများ၊ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သဘောတူညီချက်များရရှိခဲ့ကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်သည် အောင်မြင်သည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့ကြောင်း။

### ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု

လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူချိန် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရန်အတွက် စဉ်းစားဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ အလွန်ကာလဖြစ်ခြင်းနှင့် ရွေးကောက်ပွဲကျင်းပရန် တည်ငြိမ်မှုလိုအပ်နေသည့် အချိန်ဖြစ်ခြင်းကြောင့် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စွာရရှိရေးအတွက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းအားဆောင်ရွက်ခဲ့ပြီး ရာနှုန်းပြည့်ကောက်ယူရရှိသည့် မြို့နယ်များရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန် ကျန်ရှိသည့် မြို့နယ်များလည်း ရှိနေသေးကြောင်း၊ ကောက်ယူရရှိသည့် စာရင်းများအပေါ်မူတည်၍ ဆန္ဒမဲပေးနိုင်သည့် အသက် ၁၈ နှစ်နှင့်အထက် လူဦးရေစာရင်းကို ကောက်ယူရရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲအား ယခုနှစ်ဒီဇင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်၊ ဇန်နဝါရီလ ပထမပတ်နှင့် ဒုတိယပတ်တို့အတွင်း ကျင်းပပြုလုပ်ရန်လျာထားကြောင်း၊ ယခင်ရွေးကောက်ပွဲများတွင် မဲလက်မှတ်များကို အသုံးပြု၍ ကောက်ယူခဲ့ပြီး ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မဲလက်မှတ်များအသုံးပြု၍ ရွေးကောက်ပွဲဥပဒေနှင့် မညီညွတ်သော ကြိုတင်မဲပေးမှုများ၊ မဲလက်မှတ်ရိုက်နှိပ်မှုများ၊ ဥပဒေနှင့်မညီသော အမိန့်နှင့်ညွှန်ကြားချက်များ၊ ပြင်ဆင်မှုများကို ပြုလုပ်ခဲ့ခြင်းကြောင့် မဲမသမာမှုများနှင့် မဲစာရင်းများမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ အဆိုပါတွေ့ကြုံခဲ့ရသည့်အတွေ့အကြုံအရ ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ နိုင်ငံတကာတွင် ရွေးကောက်ပွဲကျင်းပမှုများကို လေ့လာ၍ ငွေကြေးကုန်ကျမှုများသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး မဲမသမာမှုပြုလုပ်ရန် မလွယ်ကူသည့်စနစ်ဖြစ်သော Electronic Voting Machine စနစ်ဖြင့် ဆန္ဒမဲပေးရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ မိမိတို့ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတပြီး မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲ ဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၌ ရွေးကောက်ပွဲအား ဖြစ်နိုင်သရွေ့ တစ်နေ့တည်း ကျင်းပရန်၊ အများပြည်သူရုံးပိတ်ရက်တွင်ပြုလုပ်ရန်၊ ကြိုတင်ကြေညာရန်ပြဋ္ဌာန်းပါရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲပြုလုပ်ရန်အတွက် ရက်အကန့်အသတ်ပြုလုပ်ထားခြင်း မရှိဟု ပြောရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသမိုင်း၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ရွေးကောက်ပွဲအား တစ်ကြိမ်တည်းကျင်းပခဲ့ခြင်းမဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲ အထမြောက်သည့်အဆင့်ကို ဦးစားပေးပြီးမြောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်များကျင်းပရာတွင် အစည်းအဝေး အထမြောက်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များနှင့်ပတ်သက်၍လည်း အလားတူပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များသည် ဝန်ကြီးချုပ်များကို ရွေးချယ်ခန့်အပ်ရခြင်းဖြစ်သဖြင့် အရေးကြီးကြောင်း။

သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် Electronic Voting Machine များဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် အချိန်တိုအတွင်း ဆန္ဒမဲပေးနိုင်ခြင်းနှင့် မဲရလဒ်ရရှိခြင်းများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တစ်ရက်နှစ်ရက်အတွင်း မဲစာရင်းအား အတည်ပြုဆောင်ရွက်နိုင်ကြောင်း၊ တစ်လအတွင်း ရွေးကောက်ပွဲပြုလုပ်၍ရသည့် မြို့နယ်များတွင် ရွေးကောက်ပွဲပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ ကြိုတင်မဲကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာမှဆောင်ရွက်နေမှုများကို လေ့လာဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံများတွင် ကြိုတင်မဲပေးခြင်းများကို ခွင့်မပြုထားကြောင်း၊ Electronic Voting Machine ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သဖြင့် ကိုယ်တိုင်မဲပေးရန် လိုအပ်ကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ပသို့တရားဝင်သွားရောက်လျက်ရှိသည့် ပြည်သူများ၏ ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ကြိုတင်မဲပေးခွင့်နှင့်ပတ်သက်၍ အားလုံးဝိုင်းဝန်းစဉ်းစားဆွေးနွေးကြစေလိုကြောင်း၊ မည်သို့ပင်ဖြစ်စေ လာမည့်နှစ်ဇန်နဝါရီလအတွင်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးရန် လိုကြောင်း။

စာမျက်နှာ ၄ သို့ ○

★ ခရီးစဉ်အတွင်း ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့

★ အလားတူမြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ နှင့် မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိမှုအခြေအနေများကိုလည်း ဆွေးနွေးနိုင်ခဲ့

★ နှစ်နိုင်ငံအကြား စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့

★ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ရှိသည်ကို တွေ့မြင်သိရှိခဲ့ရ

○ စာမျက်နှာ ၃ မှ

နိုင်ငံရေးပါတီများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲဝင်ရောက်နိုင်ရန် ဥပဒေနှင့်အညီ ခွင့်ပြုပေးထားကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် စည်းကမ်းသတ်မှတ်ချက်များ ကျော်လွန်သွားသဖြင့် ပယ်ဖျက်ခဲ့ရသည့် ပါတီများကိစ္စကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏အာဏာကို ဥပဒေအရ ခေတ္တထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်ကို ဥပဒေကို နားလည်သူများက လက်ခံကြပြီး နားမလည်သူများ၊ အာဃာတတရားထားသူများက ငြင်းပယ်ခဲ့ကြကြောင်း၊ ရွေးကောက်ပွဲဝင်ရောက်ကြမည့်သူများအနေဖြင့် သိရမည်မှာ လွှတ်တော်ဟူသည် ဥပဒေပြုရေးကို ဦးစားပေးခြင်းပင်ဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာအနေဖြင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ဥပဒေပြဋ္ဌာန်း၍ တစ်ခုနှင့်တစ်ခု အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ပါတီနိုင်ငံရေးဆောင်ရွက်မည့်သူများအနေဖြင့် ဥပဒေကို သိရှိရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းအချက်ကို အလေးထားစဉ်းစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ၂၀၂၅ အလွန် ဖြစ်ပေါ်လာနိုင်မည့်အလားအလာများနှင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် သင်ခန်းစာယူဆောင်ရွက်နိုင်ရန်

၂၀၂၅ အလွန် ဖြစ်ပေါ်လာနိုင်မည့်အလားအလာများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(၁၉၄၇ ခုနှစ်)ကို ကျင့်သုံးခဲ့ကြောင်း၊ ယင်းဥပဒေကို ရေးဆွဲချိန်၌ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မှီငြမ်း၍ လေ့လာရေးဆွဲခဲ့ခြင်းဖြစ်ပြီး ပါလီမန်ဒီမိုကရေစီစနစ်ကို သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်သည် ဒုတိယကမ္ဘာစစ်အလွန်ကာလဖြစ်ပြီး ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့ အားပြိုင်ခဲ့မှုများရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ဆိုရှယ်လစ်စနစ်ကို လက်ခံသည့်အုပ်စု၊ လစ်ဘရယ်အယူဝါဒပိုင်းကို လက်ခံသည့်အုပ်စုနှင့် ဒီမိုကရေစီကိုသွားမည့်အုပ်စုဟူ၍ သုံးဖွဲ့ ပြန်ကွဲသွားခဲ့ကြောင်း၊ သမိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် သင်ခန်းစာများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးနှင့်ပတ်သက်ပါက မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီစနစ်ကို အမှန်တကယ် လျှောက်လှမ်းမည်ဆိုပါက နိုင်ငံရေးအကြောင်းကို သိရှိနားလည်သူများဖြစ်ရန်လိုအပ်ပြီး အသိပညာ၊ အတတ်ပညာ ပေါ်ကြွယ်ဝရန် လိုအပ်မည်ဖြစ်ကြောင်း။

၂၀၂၅ အလွန်တွင်နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့်စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်ဖြစ်ကြောင်း။

### ပညာရေးနှင့်ပတ်သက်၍ မဖြစ်မနေပြုပြင်ပြောင်းလဲရမည်

ယင်းအနေအထားတွင် မိမိတို့အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာပေါ်ကြွယ်ဝရေးကို မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေသည် ၅၁ သန်းခန့်ရှိပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြနေသူများဖြစ်ကာ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေသူများဖြစ်ကြောင်း၊ စာတတ်မြောက်ခြင်းနှင့် ပညာတတ်မြောက်ခြင်းရာခိုင်နှုန်းကို ခွဲကြည့်မည်ဆိုပါက စာတတ်မြောက်မှုသည် ၉၀ ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး အတတ်ပညာ၊ အတန်းပညာတတ်မြောက်မှုသည် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းထက်နည်းပါးသည်ကို တွေ့ရကြောင်း၊ ပညာရေးအရ အတတ်ပညာအရ အားနည်းသူများဖြင့် နိုင်ငံတော်ကိုတည်ဆောက်မည်ဆိုပါက စိန်ခေါ်မှုများစွာကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်း" ကဖြစ်ပြီး ကျောင်းတက်ရောက်၍ ကြီးပြင်းခဲ့သူများနှင့် တက်ရောက်ခြင်းမရှိဘဲ ကြီးပြင်းခဲ့သူများသည် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများ၊ လူမှုပေါင်းသင်းဆက်ဆံမှုများတွင် ကွာခြားသွားနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ ဒေသအလိုက်ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်းစသည့်ကျောင်းပြင်ပပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်ချက်ရာခိုင်နှုန်းကို ကြည့်ပါက ပျမ်းမျှ ၃၅ ရာခိုင်နှုန်းခန့်သာ အောင်မြင်သူရှိပြီး ၆၅ ရာခိုင်နှုန်းခန့်သည် အောင်မြင်မှုမရှိသည်ကို တွေ့မြင်ရကြောင်း၊ ၎င်းတို့အတွက်လည်း မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို စဉ်းစားပေးရန်လိုကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံတွင် လိုအပ်သည့်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး Polytechnic University များကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖွင့်လှစ်ပေးခြင်း၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် လာမည့်နှစ်အတွင်း အခြေခံပညာအထက်တန်းအထိ ပညာသင်ကြားခဲ့သော်လည်း အခြေခံပညာအထက်တန်းစာမေးပွဲအောင်မြင်မှုမရှိသည့် ကျောင်းသား ကျောင်းသူများအတွက် Polytechnic Institute များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြောင်း၊ ပထမဆုံးအနေဖြင့် နေပြည်တော်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း တက္ကသိုလ်ဝင်တန်း အောင်မြင်မှုမရှိသေးသူများ တက်ရောက်နိုင်မည့် Polytechnic Institute တစ်နှစ်သင်တန်းမှစ၍ နှစ်အလိုက်သင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ သင်ကြားပေးမည့် ဆရာ ဆရာမများ ခန့်အပ်ရေး သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းရေးကိုလည်း ပြင်ဆင်ဆောင်ရွက်နေကြောင်း။

> ☆ ၂၀၂၅ အလွန်တွင် နိုင်ငံရေးနှင့်ပတ်သက်လာပါက မိမိတို့အတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်မည်
>
> ☆ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးအတွက် မည်ကဲ့သို့ ထိန်းကျောင်းဆောင်ရွက်သွားရမည်ကို စဉ်းစားဆောင်ရွက်သွားရမည်
>
> ☆ ပထဝီအနေအထားအရလည်း မိမိတို့နိုင်ငံအနေဖြင့် သဘောသဘာဝမတူညီသည့် အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင် နယ်နိမိတ်ထိစပ်တည်ရှိနေပြီး ပထဝီအနေအထားအရ စိန်ခေါ်မှု တစ်ရပ်ကို ရင်ဆိုင်နေရခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ၊ ပထဝီအနေအထားအရ စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိနေရမည်

ထို့နောက် ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် **"ဒါကတော့ ပညာရေးနဲ့ဆက်စပ်ပြီးတော့ လူသားအရင်းအမြစ်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံရဲ့ ၂၀၂၅ အလွန်မှာ ဖြစ်လာနိုင်မယ့် အခြေအနေကို ရှင်းပြခြင်းပဲဖြစ်ပါတယ်။ ဒါကပညာရေးအပိုင်းပေါ့။ မဖြစ်မနေကို ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ဖို့လိုပါတယ်။ ကျွန်တော်တို့ ပညာရေးအားနည်းတာလည်းမှန်ပါတယ်။ ပညာရေးအားနည်းတဲ့အတွက်ကြောင့် အစစအရာရာ ထိခိုက်စေတာကိုလည်း ငြင်းလို့မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့က ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုရှိဖို့လိုပါတယ်။ ပြုပြင်ဖို့လိုပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့လည်း ပညာရေးကိုအားပေးကြဖို့၊ ပညာရေး၊ သင်ကြားရေးနဲ့ပတ်သက်လာရင် အနှောင့်အယှက်မပေးကြဖို့၊ ကလေးတွေကို ပညာရေးလမ်းကြောင်းပေါ်မှာတင်ပြီတော့မှ နိုင်ငံရဲ့တည်ဆောက်ရေး၊ ကျွန်တော်တို့သွားနေတဲ့ မျှော်မှန်းချက်တွေကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့ အတွက် လူသားအရင်းအမြစ်တွေအနေနဲ့ ကိုယ့်ကလေးတွေပါအောင်လို့ လုပ်ပေးကြဖို့လိုတယ်ဆိုတာလေး ကျွန်တော်ပြောချင်ပါတယ်"** ဟု ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် **ဝင်ရောက်ဖြေဆိုသူ နှစ်သိန်းနှစ်သောင်းကျော် ရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ ယခုနှစ်အထိ အများဆုံးဖြေဆိုသည့်နှစ်ဖြစ်ကြောင်း၊ နောင်နှစ်များတွင် ဖြေဆိုမှုနှုန်းမြင့်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေး၏ အရေးကြီးမှုကို မိမိမကြာခဏပြောကြားခဲ့ပြီး ပညာရည်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲကို ယခုကဲ့သို့ အနှောင့်အယှက်ကင်းကင်း အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခဲ့မှုအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နယ်မြေဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်ချက်များကို အလေးထား အသိအမှတ်ပြုကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။**

### ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်တွင်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်၍ စီးပွားရေးအားပေးမြှင့်တင်ရမည်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်မည့် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သော်လည်း အောင်မြင်အောင်လုပ်ဆောင်နိုင်ရန် အားနည်းလျက်ရှိကြောင်း၊ ဒေသတွင်း၌ ဈေးကွက်လိုအပ်ချက်ရှိသည့် ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကို ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများကိုအသုံးပြု၍ အဆင့်မြင့်ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအနေဖြင့် မိမိတို့နိုင်ငံပတ်ဝန်းကျင်တွင် တရုတ်နိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံကျော်၊ အိန္ဒိယနိုင်ငံအနေဖြင့် လူဦးရေ ၁ ဒသမ ၄၆ ဘီလီယံကျော်၊ အာဆီယံနိုင်ငံများလူဦးရေ ၆၈၇ မီလီယံကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် လူဦးရေ ၁၇၃ မီလီယံကျော်ရှိပြီး ကမ္ဘာ့လူဦးရေထက်ဝက်နီးပါး နေထိုင်ကြကြောင်း၊ အားလုံးဖိနပ်စီးကြကြောင်း၊ ဖိနပ်အတွက် ရော်ဘာ၊ သားရေလိုအပ်ချက်မည်မျှကြီးသည်ကို တွက်ကြည့်နိုင်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် မော်တော်ကားမျိုးစုံ တစ်သန်းခန့်၊ မော်တော်ဆိုင်ကယ်မျိုးစုံ ငါးသန်းခန့်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် မြောက်မြားစွာရှိကြောင်း၊ ယင်းတို့အတွက် တာယာနှင့် ကျွတ် များစွာလိုအပ်မည်ဖြစ်၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြောင်း။

အဝတ်အထည်နှင့် ချည်မျှင်နှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့်နိုင်ငံတစ်ခုဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်ရှိပြီးဖြစ်သည့် ချည်မျှင်နှင့်အထည်အလိပ်များကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းကို သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှရရှိသည့် သားရေများဖြင့်လည်း တန်ဖိုးမြင့်အဝတ်အထည်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေထွက်သယံဇာတပစ္စည်းများနှင့် ပတ်သက်၍လည်း ဈေးကွက်လိုအပ်ချက်ကြီးမားစွာ ရှိနေသည့်အတွက် တိုးမြှင့်ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ အခြားစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုလည်း ပြည်တွင်းစားသုံးမှုဖူလုံအောင် ဒေသအလိုက် ဈေးကွက်လိုအပ်ချက်များကို စနစ်တကျ တွက်ချက်မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်များအလိုက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တင်ပို့နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသီးနှံများအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီခြင်းမရှိသည့်အတွက်လည်း နိုင်ငံတော်အနေဖြင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်လျက်ရှိပြီး ဝင်ငွေထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေးအတွက် ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်း၌ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ မည်မျှထိခိုက်မှုရှိသည်ကို တွက်ချက်ကြည့်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်းစသည့် သီးနှံ ၁၀ မျိုးအား ယခုစိုက်ဧကနှင့်ပင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသဖြင့် နိုင်ငံမှဝင်ငွေလျော့နည်းရရှိမှု အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကျော်ရှိကြောင်း၊ သီးထပ်စိုက်ပျိုးမှုမရှိ၍ ဆုံးရှုံးမှုများပါ ထည့်တွက်ပါက ၁၉ ဘီလီယံခန့်ရှိကြောင်း။ စာမျက်နှာ ၅ သို့ ○

○ စာမျက်နှာ ၄ မှ

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများနှင့်ပတ်သက်၍လည်း ထိုသို့ လုပ်ဆောင်မှုများကြောင့် ပြည်တွင်း၌ အလုပ်သမားရှားပါးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ ပြည်ပသို့သွားရောက် လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်မည့်လုပ်ငန်းခွင်များတွင် လုပ်ကိုင်မည်ဆိုပါကလည်း ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်သဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်အစား ပြည်တွင်း၌သာအလုပ်လုပ်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်း၊ ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကို နည်းပညာများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ စက်မှုနည်းပညာများ စသည်တို့ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

ကုန်ကြမ်းလိုအပ်မှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို ပြည်ပသို့ ကုန်ကြမ်းအတိုင်းတင်ပို့ကြကြောင်း၊ ပြောင်းကုန်ကြမ်းများကို တိရစ္ဆာန်အစာ၊ ပြောင်းကော်မှုန့် စသည်တို့ကဲ့သို့သော တန်ဖိုးမြှင့်ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲတင်ပို့နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဆန်နှင့်ပဲကိုလည်း တန်ဖိုးမြှင့်ပို့ကုန်အဖြစ်ပြောင်းလဲတင်ပို့နိုင်ရန်လိုကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ကုန်ချောများကို တင်ပို့ခြင်းဖြင့် ဈေးနှုန်းများလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေသည် တစ်နေ့တခြားတိုးပွားလာပြီး စားရေးလိုအပ်ချက်သည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အဓိကထားပြီး ရပ်တည်နိုင်သည့်နိုင်ငံတစ်ခု ဖြစ်နိုင်သည်ဖြစ်သည့်အတွက် စနစ်တကျသုံးသပ်ရှုမြင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ**

ဆက်လက်၍ ကောင်စီဝင်များနှင့် ကောင်စီတွဲဖက်အတွင်းရေးမှူးက မိမိတို့အစိုးရအဖွဲ့ ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဆောင်ရွက်နိုင်ရေး၊ တည်ရှိပြီးနိုင်ငံရေးပါတီများ ပြန်လည်မှတ်ပုံတင်ခြင်းနှင့် နိုင်ငံရေးပါတီအသစ်လျှောက်ထားခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ အချိန်ပေးခြင်း၊ ပညာပေးခြင်း၊ အသိပေးခြင်း စသည့်လုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ပြီးဖြစ်သဖြင့် ဥပဒေအထက်၌ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းမှ မရှိသင့်သဖြင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်နိုင်ရေး၊ ယခုကျင်းပမည့် ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့်ကျင်းပမည်၊ မဲပေးရမည့်နည်းလမ်းများနှင့် မဲပေးနိုင်ခွင့်ရှိသူများအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထုတ်ပြန်နိုင်ရေး၊ ကယားပြည်နယ်အတွင်း လက်နက်အားကိုးဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသူများကို ပြတ်ပြတ်သားသားချေမှုန်းပေးရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားသည့် ပြည်သူများ၏အိုးအိမ်များ ပြန်လည်ဆောက်လုပ်ရန် အခက်အခဲများရှိသဖြင့် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်တည်ဆောက်ပေးရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား စည်းကမ်းလိုက်နာမှုမြင့်မားစေရေး၊ ချင်းပြည်နယ်ရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ဝဥ တိုးချဲ့စိုက်ပျိုးပေးရေးနှင့် ဝဥကိုအခြေခံသည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေး၊ ကြိုတင်ဆန္ဒမဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင် ပြဿနာများစွာရှိခဲ့သဖြင့် ကြိုတင်မဲပေးနိုင်မည့် သတ်မှတ်အရည်အချင်းများအတိုင်းသာ တိကျစွာဆောင်ရွက်၍ သတ်မှတ်နေရာ၊ သတ်မှတ်အချိန်တို့ဖြင့် စည်းစနစ်ကျစွာ ဆောင်ရွက်ရေး၊ ယခုနှစ်အတွင်း လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်ခဲ့သော မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို နိုင်ငံတော်အဆင့်ကျင်းပရေး၊ အလားတူဒြပ်မဲ့ယဉ်ကျေးမှုစာရင်းဝင်ရောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်နေသည့် မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍လည်း လှုံ့ဆော်မှုများ နိုင်ငံတော်အဆင့်ဆောင်ရွက်ရေး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်က မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင် စိစစ်ဆောင်ရွက်ရန်လိုအပ်မှု၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ပါတီများအနေဖြင့်လည်း ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှု၊ ပါတီများမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ဥပဒေအထက်တွင် မည်သူမျှမရှိ၍ ဥပဒေအတိုင်းသာဆောင်ရွက်သင့်မှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတိုးတက်ကောင်းမွန်စေရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်းခေါ်ယူမှုများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခင်ရွေးကောက်ပွဲများတွင်ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရသည့်စနစ် (First Past The Post) FPTP စနစ်အပြင် အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့တွင် PR စနစ်ကို ပေါင်းစပ်ကျင့်သုံးနိုင်ရေးလျာထားကြောင်း၊ အားလုံးသဘောတူညီဆုံးဖြတ်ပြီးက တစ်နိုင်ငံလုံးကိုအသိပေးမှုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရေး အချိန်ကာလအားဖြင့် ကိုးလခန့်ကျန်ရှိပြီး ကြိုတင်ပြင်ဆင်ချိန်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကိုမထိခိုက်သည့်စနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ ပါတီများမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေးမှတ်ပုံတင်ခွင့်များကို အချိန်လုံလုံလောက်လောက်ပေး၍ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

မြန်မာလူမျိုးများ၏ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရေးအတွက် အဆိုပါဒေသတွင်နေထိုင်သူများတွင်သာ တာဝန်ရှိကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသားများတွင် တာဝန်ရှိကြောင်း၊ မြန်မာ့တန်ဖိုးမြှင့်တင်ရန်အတွက် မြန်မာပြည်တွင်နေထိုင်ကြသည့် သူများအားလုံးတွင်တာဝန်ရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်သည့်ကာလအတွင်း လုံခြုံရေးကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာများအားလုံး စည်းလုံးကြရန် မြန်မာ့တန်ဖိုး မြှင့်တင်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

သတင်းစဉ်

# “တွေ့ဆုံဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေးစကားဝိုင်း - Peace Talk 2025 ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၅

“တွေ့ဆုံ ဆွေးနွေးမှုများမှ ငြိမ်းချမ်းသော နိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်ဖြင့် ငြိမ်းချမ်းရေး စကားဝိုင်း - Peace Talk 2025 ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။



ငြိမ်းချမ်းရေး စကားဝိုင်းသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မီဒီယာများ၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အသင်းအဖွဲ့ ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စကားဝိုင်းဆွေးနွေးပွဲ ပထမပိုင်း “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆောင်ရွက်ပြီး “လက်ရှိ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် အနာဂတ် အလားအလာ” ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်မျိုးက ဦးဆောင်ဆွေးနွေးသည်။

ဆက်လက်၍ “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ” တွင် သဘာပတိအဖြစ် အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန် (ငြိမ်း)က ဆောင်ရွက်ပြီး “ပဋိပက္ခလျှော့ချရေးကာလအတွင်း စီးပွားရေး ကြံ့ကြံ့ခံမှုကို ကြိုးပမ်းရာတွင် ဆက်စပ်သည့်ကဏ္ဍများကိုလည်း ထည့်သွင်းစဉ်းစားခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာဇော်ဦးက ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူကိုယ်စားလှယ် အသီးသီးက အကြံပြုခြင်း၊ဆွေးနွေး မေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် “နိုင်ငံရေးနှင့် လုံခြုံရေးကဏ္ဍ” ၌ “နိုင်ငံတကာ ဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာ့ငြိမ်းချမ်းရေးအခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဦးမောင်မောင်ငြိမ်းက ဦးဆောင်ဆွေးနွေးသည်။

ယင်းနောက် “စီးပွားရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍ” တွင် “ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ခြင်း” ခေါင်းစဉ်ဖြင့် ဒေါက်တာညိုညိုသင်းကဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ စကားဝိုင်းဆွေးနွေးခြင်း၊ စကားဝိုင်းအလိုက် ရရှိလာသည့် သဘောထားများကို တက်ရောက်လာသူကိုယ်စားလှယ် အသီးသီးက အကြံပြုခြင်း၊ဆွေးနွေး မေးမြန်းခြင်းနှင့် မေးမြန်းချက်များအပေါ် Speaker မှ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး ငြိမ်းချမ်းရေးစကားဝိုင်း ဒုတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

ငြိမ်းချမ်းရေး စကားဝိုင်း တတိယနေ့ကို မတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သူနာပြုတက္ကသိုလ်-မန္တလေး၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

**ဩော် . . . ကောင်းလေစွ၊ ကောင်းလေစွ။**

'အဖေ၊ ဒီတစ်ခါရမယ့်ဘွဲ့တော့ အဝေးရောက်မယူဘဲ ကိုယ်တိုင်တက်ယူချင်တယ် အဖေ'

'အေး···ကောင်းတာပေါ့။ အဖေနဲ့အမေလည်း သမီးဘွဲ့ယူတာကို အကြောင်းပြုပြီး အသက်ကြီးမှ အမှတ်တရ စုံတွဲဓာတ်ပုံရိုက်ရတာပေါ့။ လုပ်လိုက်လေ၊ ကြာသလားလို့'

ဤသို့ဖြင့် ၂၀၂၅ ခုနှစ်၊ မတ် ၈ ရက်၊ စနေနေ့(နံနက်ပိုင်း)တွင် သူနာပြုတက္ကသိုလ် မန္တလေး၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ဆင်ယင်ကျင်းပရာ မင်္ဂလာခန်းမထဲသို့ ချစ်သမီး၊ ချစ်ဇနီးတို့နှင့်အတူ ရောက်ရှိခဲ့ကြပါသည်။

**သစ္စာအဓိဋ္ဌာန်၊ ဘဝဂ်လျှံ**

ကျွန်ုပ်တို့သည်···

(၁) လူသားအားလုံးတို့၏ ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးကို ကျွန်ုပ်၏အရေးကဲ့သို့ ယူဆပါအံ့။

(၂) သူနာပြုများ၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းပြီး အကျင့်စာရိတ္တပျက်ပြားမှုမှ ရှောင်ကြဉ်ပါအံ့။

(၃) ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဂိလာနပုဂ္ဂိုလ်များအား လူမျိုးဘာသာ အဆင့်အတန်းမခွဲခြားဘဲ ပြုစုပါအံ့။

(၄) လူသားတို့ အသက်အန္တရာယ်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်မည့် မည်သည့်အပြုအမူမျိုးကိုမဆို တားဆီးကာကွယ်ပါအံ့။

(၅) လူနာဝေဒနာသက်သာမှုနှင့် ကျန်းမာရေးတိုးတက်မြင့်မားလာစေရန် အခြားကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါအံ့။

(၆) လူနာ၏ ဂုဏ်သိက္ခာနှင့် ကိုးကွယ်ယုံကြည်မှုများကို အစဉ်လေးစားပါအံ့။

(၇) လူနာ၏ အတွင်းရေးကိစ္စများကို ပြောဆိုသင့်သည့်အချက်များမှအပ လျှို့ဝှက်ချက်အနေဖြင့် စောင့်ထိန်းပါအံ့။

(၈) သူနာပြုများ လိုက်နာရမည့်ကျင့်ဝတ်များကို စောင့်ထိန်း၍ သူနာပြုအချင်းချင်း ထာဝစဉ် စည်းလုံးညီညွတ်ရန်၊ အမြဲတစေ ဆောင်ပါအံ့။

ဘွဲ့နှင်းသဘင်မင်္ဂလာခန်းမအတွင်းတွင် ပါမောက္ခချုပ် ဒေါက်တာခင်ဝင်းစိန်က ဦးဆောင်တိုင်ပေးသည့် သူနာပြုများ ခံယူအပ်သော အဓိဋ္ဌာန်ကတိသစ္စာကို မတ်တတ်ရပ်နေကြသော မဟာသူနာပြုသိပ္ပံဘွဲ့၊ အထူးသူနာပြုဒီပလိုမာဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့များ လက်ခံရယူမည့် မောင်မယ်များက ပီပီသသ ညီညာဖြိုဖြို လုံးစေ့၊ ပတ်စေ့ လိုက်ဆိုနေကြပါသည်။ ထိုသူနာပြု သစ္စာအဓိဋ္ဌာန်ရွတ်ဆိုသံများသည် ဘွဲ့နှင်းသဘင် မင်္ဂလာခန်းမအတွင်းမှ သုံးဆယ့်တစ်ဘုံ၏ အထက်ဆုံးဖြစ်သော ဘဝဂ်ထိ လွှမ်းခြုံပျံ့လွင့်နေလိမ့်မည်ဟု ထင်မိပါသည်။

**ချစ်သမီး စပ်စုစိန်**

ဘွဲ့ရမောင်မယ်များသည် သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုပြီးဆုံးသောအခါ မတ်တတ်ရပ်နေရာမှ မိမိတို့ ထိုင်ခုံနေရာများတွင် ထိုင်လိုက်ကြပါသည်။ အခမ်းအနားအစီအစဉ်အရ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးသူနာပြုဒီပလိုမာဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့များ အပ်နှင်းချီးမြှင့်နိုင်ရန် သက်ဆိုင်ရာ ပါမောက္ခများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံမှောက်သို့ အရောက်ပို့ဆောင်ပေးပါသည်။ ပါမောက္ခချုပ်ကလည်း တစ်ဦးချင်းအား သက်ဆိုင်ရာဘွဲ့များ ပေးအပ်ချီးမြှင့်ပြီး လက်ဆွဲနှုတ်ဆက်ပါသည်။

စာရေးသူသည် ဘွဲ့နှင်းသဘင်ခန်းမထဲ၌ မိမိထိုင်ခုံတွင် လူကထိုင်လျက်ရှိနေသော်လည်း စိတ်ကမူ ပန်းများကို ဝေနေအောင် ပန်ထားပြီး ပြုံးပျော်ရွှင်နေသော ချစ်သမီး စပ်စုစိန်(စသုံးလုံး) အကြောင်းကို ပြန်ပြောင်း တွေးတော ငေးမောနေမိပါသည်။

သမီး စပ်စုစိန်သည် ၁၉၉၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ပါသည်။ ပညာရေးအနေဖြင့် ၂၀၀၄ ခုနှစ်တွင် ရတနာပုံတက္ကသိုလ်မှ B.A(Eco) ဘွဲ့၊ ၂၀၁၀ ပြည့်နှစ်တွင် သူနာပြုတက္ကသိုလ်မန္တလေးမှ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)၊ ၂၀၂၃ ခုနှစ်တွင် သူနာပြုတက္ကသိုလ်မန္တလေးမှပင် သူနာပြုမဟာသိပ္ပံဘွဲ့(အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုပညာ)တို့ ရရှိခဲ့ပါသည်။

ဝန်ထမ်းအနေဖြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် (၁-၁၂-၂၀၀၃)ရက်မှ ယနေ့အထိ သူနာပြုဆရာမ၊ အထက်တန်းသူနာပြု၊ သူနာပြုကြီးရာထူးတာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

**အကျိုးပေးကောင်းသူ**

စပ်စုစိန်သည် မန္တလေးဆေးရုံကြီးတွင် သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၃ ခုနှစ် စက်တင်ဘာလထဲ၌ ဆိုင်ကယ်အတိုက်ခံခဲ့ရပါသည်။သို့သော်လည်း ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ရာ ၄င်းဒဏ်ကြောင့် ၂၀၀၄ ခုနှစ် မတ်လထဲတွင် ဘယ်ဘက်ပေါင်ရိုး ကျိုးသွားပါသည်။ စတီးလ်ချောင်းထည့် ဆေးဝါးကုသမှုခံယူခဲ့ရပါသည်။

တစ်ဖန် ၂၀၀၉ ခုနှစ် သူနာပြုသိပ္ပံ(ပေါင်းကူး) တက်ရောက်ရမည့်အချိန်တွင်လည်း ၂၀၀၈ ခုနှစ် ဒီဇင်ဘာလထဲ၌ လုပ်ငန်းခွင်တွင် ခြေချော်လဲသဖြင့် ဘယ်ဘက်ခြေသလုံးရိုးအသေး ကျိုးခဲ့သော်လည်း သူနာပြုသိပ္ပံ(ပေါင်းကူး)ကို ပြီးမြောက်အောင်မြင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ဘယ်ဘက်လက်ကောက်ဝတ် ကျိုးခဲ့ပါသေးသည်။

သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ကျောင်းစတင်တက်နေချိန် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ဘယ်ဘက်ခြေသလုံးရိုး နှစ်ချောင်းကျိုး၍ စတီးလ်ချောင်းထည့် ဆေးဝါးကုသမှု ခံယူခဲ့ရပါသည်။ သူနာပြုမဟာသိပ္ပံဘွဲ့အတွက် စာတမ်းတင်ရန် ဆောင်ရွက်နေစဉ် ၂၀၂၃ ခုနှစ်တွင် ညာဘက်ခြေကျင်းဝတ်ကျိုးသဖြင့် စတီးလ်ချောင်းထည့် ဆေးဝါးကုသမှု ခံယူခဲ့ရပါသည်။

ထိုသို့ အကျိုးပေးကောင်းခြင်းမှာ မမြင်နိုင်သော အတိတ်ဘဝများက ပြုခဲ့သောအကြောင်းတရားများကြောင့်လား မသိပါ။ ယခုဘဝတွင် ထူးထူးခြားခြား အကျိုးပေးကောင်းသူ တစ်ဦးဖြစ်နေပါသည်။ မည်သို့ပင်ဖြစ်စေ စပ်စုစိန်သည်ကား ကြုံတွေ့ခဲ့ရသောအကျိုးများနှင့် လောကဓံတရားများကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားပမ်းစား ကျော်လွှားဖြတ်ကျော်မှုတို့ကြောင့် ယခု ယနေ့အချိန်တွင် မိဘများနှင့်အတူ ဘွဲ့နှင်းသဘင်မင်္ဂလာအခမ်းအနားသို့ ဝင့်ကြွားစွာ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

စိတ်အာရုံတို့သည် ချစ်သမီးအကြောင်း တွေးတောစဉ်းစားနေရာမှ ဒေါက်တာပန်းအိဖြူအောင်က 'ဘွဲ့နှင်းသဘင်မိန့်ခွန်းကို မြွက်ကြားပေးပါရန် ပန်ကြားအပ်ပါသည်ရှင့်'ဟု တင်ပြပန်ကြားသံ ကြားလိုက်ရသဖြင့် ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်သို့ လှမ်းကြည့်မိလိုက်ပါသည်။ ပါမောက္ခချုပ်ကလည်း ဘွဲ့နှင်းသဘင်မိန့်ခွန်းကို စိတ်ဝင်တစား မြွက်ကြားသွားပါသည်။ ထိုမိန့်ခွန်းကို မိမိဉာဏ်မီသမျှ ကောက်နုတ်ဖော်ပြလိုပါသည်။

**သူနာပြုတက္ကသိုလ်-မန္တလေး၏ ဘွဲ့ရမောင်မယ်များ**

သူနာပြုတက္ကသိုလ်-မန္တလေး၏ မတ် ၃ ရက်က ကျင်းပခဲ့သော (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားမှာ သူနာပြုမဟာသိပ္ပံဘွဲ့ ၁၃ ဦး၊ အထူးသူနာပြုဒီပလိုမာဘွဲ့ ၁၅ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၁၈၉ ဦးတို့ကို ဘွဲ့အပ်နှင်းခဲ့ပါသည်။

သူနာပြုတက္ကသိုလ်-မန္တလေး၏ ဘွဲ့ရများ မွေးထုတ်နိုင်မှုသည် ၁၉၉၈ ခုနှစ် နိုဝင်ဘာလမှစပြီး ယနေ့ကျင်းပသည့် အခမ်းအနားအထိ (၂၆)နှစ်မြောက်ကာလအတွင်း သူနာပြုပါရဂူဘွဲ့ ခြောက်ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၁၅၄ ဦး၊ အထူးသူနာပြုဒီပလိုမာဘွဲ့ ၃၆၃ ဦး၊ သူနာပြုသိပ္ပံ(ပုံမှန်)ဘွဲ့ ၂၇၁၀ ဦး၊ သူနာပြုသိပ္ပံ(ပေါင်းကူး)ဘွဲ့ ၂၀၄၂ ဦး၊ စုစုပေါင်း ၅၂၇၅ ဦးတို့ကို ဘွဲ့အပ်နှင်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။

**သူနာပြုတက္ကသိုလ်-မန္တလေး၏**
**သူနာပြုစုမှုအတတ်ပညာ သင်ကြားရေးသမိုင်းကြောင်း**

သူနာပြုတက္ကသိုလ်-မန္တလေး၏ သူနာပြုစုမှုအတတ်ပညာ သင်ကြားရေးသမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် ၁၉၉၂ ခုနှစ်မှ စတင်၍ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် သူနာပြုဒီပလိုမာ သုံးနှစ်သင်တန်းနှင့် သားဖွား(၁၈)လသင်တန်းတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် ရန်ကုန်ဗဟိုသူနာပြုသင်တန်းကျောင်းကို သူနာပြုတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သကဲ့သို့ မန္တလေးမြို့တွင်လည်း ဆေးတက္ကသိုလ်မန္တလေးနှင့်တွဲဖက်၍ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)သင်တန်း (ပထမအကြိမ်)သင်တန်းသူ ၁၅ ဦးနှင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်ပြေးညီဖြစ်စေရေး ရည်မှန်းချက်နှင့်အညီ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်နိုင်မည့် အရည်အချင်းပြည့်ဝသည့် သူနာပြုကောင်းများ မွေးထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံဦးစီးဌာန၊ သူနာပြုတက္ကသိုလ်-မန္တလေးကို ယခုလက်ရှိ သူနာပြုတက္ကသိုလ်နေရာတွင် ၁၉၉၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

စတင်ဖွင့်လှစ်ချိန်တွင် သူနာပြုသိပ္ပံ(ပုံမှန်)သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၆၉ ဦး တက်ရောက်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် သူနာပြုသားဖွားဒီပလိုမာအောင်မြင်ပြီးသူများကို သိပ္ပံဘွဲ့ရရှိစေနိုင်မည့် အခွင့်အရေးအနေဖြင့် သူနာပြုတက္ကသိုလ်-မန္တလေးတွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး)သင်တန်းကို ကျောင်းသူ ၅၉ ဦးနှင့် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထူးခြားချက်အနေဖြင့် သူနာပြုများလုပ်ငန်းခွင် မပျက်တက်ရောက်နိုင်ရန် ၂၀၁၈ ခုနှစ်တွင် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) နှစ်နှစ်အဝေးသင်သင်တန်းနှင့် သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) တစ်နှစ်(အချိန်ပြည့်)သင်တန်းအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့ပါသည်။

အထူးသူနာပြုဒီပလိုမာကိုးလသင်တန်းများကိုလည်း ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပါသည်။ ဘွဲ့လွန်သင်တန်းများအနေဖြင့် သူနာပြုမဟာသိပ္ပံဘွဲ့(ဘွဲ့လွန်)(အထွေထွေသူနာပြုစုမှုပညာ) နှစ်နှစ်သင်တန်းကို ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ သူနာပြုမဟာသိပ္ပံ(ဘွဲ့လွန်) အထူးပြုဘာသာရပ်အလိုက်၊ ဘွဲ့အလိုက်သင်တန်း ရှစ်မျိုးကို နှစ်နှစ်သင်တန်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ သူနာပြုပါရဂူဘွဲ့ သုံးနှစ်သင်တန်းကိုလည်း ၂၀၁၆ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သဖြင့် သူနာပြုတက္ကသိုလ်-မန္တလေးတွင် အဆင့်မြင့်သူနာပြုဆိုင်ရာ ပညာရပ်များကို သင်ကြားခွင့်ရရှိပြီး ဖြစ်ပါသည်။ ပြည်တွင်းဘွဲ့လွန်သင်တန်းများအပြင် ပြည်ပနိုင်ငံများတွင်လည်း သူနာပြုမဟာသိပ္ပံဘွဲ့၊ သူနာပြုပါရဂူဘွဲ့သင်တန်းများသို့လည်း ပညာတော်သင်များ စေလွှတ်သင်ကြားစေလျက်ရှိပါသည်။

**တိုက်တွန်းမှာကြား နိဂုံးစကား**

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ မောင်တို့မယ်တို့အနေဖြင့် သူနာပြုလောကကို ဦးဆောင်နိုင်သော သူနာပြုများ ဖြစ်စေရန်နှင့် သူနာပြုပုံရိပ်များ မြင့်မားစေရန်၊ ပညာရပ်ပိုင်းတွင် ကျွမ်းကျင်တတ်မြောက်ရုံသာမက သူနာပြုကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာကို မိမိကိုယ်တိုင်ထိန်းသိမ်းဖို့လိုသလို လုပ်ဖော်ကိုင်ဖက်အချင်းချင်းကိုလည်း ထိန်းသိမ်းတည့်မတ်ပေးကြဖို့နှင့် ပြည်သူလူထုနှင့် ဆက်ဆံရာမှာ ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် ဆက်ဆံကြပါ။

သူနာပြုသစ္စာအဓိဋ္ဌာန် (၈)ချက်ကို မမေ့မလျော့ဘဲ ရင်ထဲ၊ နှလုံးသားထဲမှာ မှတ်သားပြီး လိုက်နာစောင့်ထိန်းကြပါ။ မိမိတို့၏ အသိပညာ၊ အတတ်ပညာများကို အသုံးချပြီး နိုင်ငံတော်လိုအပ်တဲ့ နေရာမှာ အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြပါ။ နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေမှာ ရောက်ရာနေရာမှာ ကျရာတာဝန်ကို ထမ်းဆောင်ပြီး အလုပ်အကျွေးပြုကြပါ။

အမိတက္ကသိုလ်၏ အစဉ်အလာကောင်းတွေကို နောင်လာမယ့် မျိုးဆက်သစ်မောင်နှမများထံ လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားကြပါ။ အမိတက္ကသိုလ်ကြီးကလည်း မောင်တို့မယ်တို့၏ ကောင်းသတင်းတွေကို အမြဲနားစွင့်ပြီး ဝမ်းမြောက်ဂုဏ်ယူနေမှာပါ။ သူနာပြုလောက၏ ကောင်းကျိုးနှင့် တိုးတက်ရေးကို ကိုယ့်အရေးကဲ့သို့ မှတ်ယူထားကြပါ။ မောင်တို့မယ်တို့ ရှေ့ဆက်ရမည့် ဘဝခရီးလမ်းမှာ အခက်အခဲ အနှောင့်အယှက် တစ်စုံတစ်ရာမတွေ့ဘဲ မိမိတို့ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ကြပါစေ။ ပြည်သူလူထုက အားကိုးယုံကြည်ထိုက်သူများ ဖြစ်နိုင်ကြပါစေ။ မိဘများအတွက် သားကောင်း၊ သမီးကောင်းရတနာများဖြစ်ကြပြီး အမိနိုင်ငံတော်အတွက်ရော သူနာပြုလောကအတွက်ပါ နိုင်ငံ့ဂုဏ်ဆောင် သူနာပြုကောင်းများ ဖြစ်နိုင်ကြပါစေဟု သူနာပြုတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ဒေါက်တာခင်ဝင်းစိန်က သူနာပြုတက္ကသိုလ် မန္တလေး မိသားစုကိုယ်စား ဆုတောင်းရင်း သူနာပြုတက္ကသိုလ်-မန္တလေး (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြွက်ကြားသည့် မိန့်ခွန်းကို အဆုံးကမ္ပတ် နိဂုံးသတ်သွားပါသည်။

ထို့နောက် မော်ကွန်းထိန်း ဒေါ်အေးအေးအောင်က 'ပါမောက္ခချုပ်ရှင့် ပါမောက္ခချုပ်၏ မိန့်ခွန်းကို စက်တင်ပုံနှိပ်၍ ဤတက္ကသိုလ်မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိရန် ပညာရေးအဖွဲ့က ဆုံးဖြတ်ပြီးဖြစ်ကြောင်း အစီရင်ခံအပ်ပါသည်'ဟု တင်ပြပါသည်။

အခမ်းအနားအစီအစဉ်အရ ပါမောက္ခချုပ်က 'ဘွဲ့နှင်းသဘင်ရုပ်သိမ်းပြီ'ဟု အမိန့်ရှိကာ စီမံခန့်ခွဲရေး၊ ပညာရေးအဖွဲ့ဝင်များသည် ပါမောက္ခချုပ် ဦးဆောင်မှုဖြင့် စင်မြင့်မှ အစီအစဉ်အတိုင်း ထွက်ခွာသွားကြပါတော့သည်။

**'စိန်စီသော အနာဂတ်များကို မျှော်မှန်းလျက် ...'**

**အောင်တင်ဝင်း(ငါ့သရောက်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Rose နှင့် Toylor Swift တို့ ခင်မင်ရင်းနှီးမှု ရှိခဲ့ကြ



ကမ္ဘာကျော်အဆိုတော် တေလာဆွစ်က လိုအပ်လျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးခဲ့သည်အထိ တစ်ကိုယ်တော်ဖျော်ဖြေခဲ့ကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တေလာဆွစ်၏ အားပေးမှုကိုရရှိခဲ့သဖြင့် ရို့စ်ကတေလာဆွစ် ပရိသတ်တစ်ဦးဖြစ်ပြီး၊ ကျေးဇူးတင်စကားပြောကြားခဲ့ကာ၊ အနုပညာဂီတနှင့်ပတ်သက်၍လည်း ထူးချွန်သူတစ်ဦးဖြစ်ပြီး ရို့စ်ကို သင်ကြားပြသ၍ ကာကွယ်ပေးခဲ့သည်။

တေလာဆွစ်က သူ့အတွေ့အကြုံများကို မျှဝေပေးကာ ရို့စ်ကို လိုအပ်လျှင်၊ သီချင်းသည်ကို မေးနိုင်ရန် ဖုန်းဆက်ဟုဆို၍ ဖုန်းနံပါတ်ပေးသွားခဲ့သည်အထိ နှစ်ဦးသားရင်းနှီးမှုရှိခဲ့ကြသည်ကို ပရိသတ်များသဘောကျနှစ်ခြိုက်၍ အားပေးထားကြသည်။ ရို့စ်မှာ ဘရူနိုမတ်စ်နှင့် တွဲ၍ဂီတခွေထွက်ရှိထားပြီး အောင်မြင်မှုများစွာ သိမ်းပိုက်ရယူထားသည်။ (SKY)

## Johnny Deep ၏ AI အကြောင်း Transcendence တွင် တွေ့ရှိရ

ကမ္ဘာကျော်သရုပ်ဆောင် ဂျွန်နီဒပ် ပါဝင်ထားသည့် Tra-nscendence ရုပ်ရှင်မှာ AI အကြောင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် ဂူဂဲလ်မှ ထုတ်ပြန်ကြေညာထားသည့် Google Assistant ၏ Version အသစ်တွင် ထိုအကြောင်းအရာများကို တွေ့ရှိခဲ့ရှိသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင်



ဇနီးမောင်နှံနှစ်ဦးက သူငယ်ချင်းဖြစ်သူနှင့်အတူ PINN ကို တီထွင်ခဲ့ရာ အချက်အလက်များကို လျှင်မြန်စွာတွက်၍ အဖြေထုတ်နိုင်သော်လည်း ကိုယ်ပိုင်အသိဉာဏ်ဖြင့် စဉ်းစားဆင်ခြင်နိုင်သည့်အဆင့်ကို မရရှိခဲ့သေးသော AI ဖြစ်ခဲ့သည်။

ဟောပြောပွဲတစ်ခုတွင် နည်းပညာလွှမ်းမိုးလာမှုကို မလိုလားသည့် လူတစ်စုက လုပ်ကြံခဲ့ကြရာမှ ယင်း AI ၏ ဇင်းမြစ်ကိုပါ ဖျက်ဆီးခံလိုက်ရသဖြင့် ထပ်မံကြိုးစားပုံများကို ရိုက်ကူးထားရာ ၂၀၂၄ခုနှစ် Google မှ Announce လုပ်လိုက်သည့် Google Assistant ၏ Version အသစ်တွင်ထိုကားထဲမှ အဖြစ်အပျက်များအကြောင်းအရာများပါရှိလာသည်ကို တွေ့ကြရသည်။ (SKY)

## Wang Yibo ကို Rusian Magazine Cover အတွက် ဖော်ပြခြင်းခံရ

တရုတ်အနုပညာရှင် ဝမ်ရီဘိုကို ရုရှားမဂ္ဂဇင်းတစ်ခုဖြစ်သည့် အောစတားစ်မဂ္ဂဇင်း၏ မျက်နှာဖုံးတွင် နာမည်ကြီးအနုပညာရှင်များနှင့်အတူဖော်ပြခြင်းခံရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါမဂ္ဂဇင်းမျက်နှာဖုံးတွင် ကမ္ဘာကျော်အနုပညာရှင်များနှင့်အပြိုင် တရုတ်အနုပညာရှင် ဝမ်ရီဘိုကိုဖော်ပြထားရာ နိုင်ငံတကာကုန်အမှတ်တံဆိပ်များစွာနှင့်လက်တွဲထားပြီး တောက်ပသောကြယ်ပွင့်အဖြစ် မြင်တွေ့ကြရသည်။

ဝမ်ရီဘိုပါဝင်သည့် One And Only ရုပ်ရှင်မှာ 37 Golden Rooster Awards ဆုပေးပွဲတွင် Best Cinema Tography Award ရရှိခဲ့ပြီး 20 Chinese Amecian Television Festival ကို Golden Angel TV Drama of the Year Award ဆုကို war of Faith ဒရမ်မာနှင့်ဆွတ်ခူးရရှိထားရာ ကမ္ဘာကျော်တရုတ်အနုပညာရှင် တစ်ဦးဖြစ်ခဲ့သည်။(SKY)







## The Holy Man ထိုင်းဟာသဇာတ်ကား လူကြိုက်များခဲ့

ထိုင်းအနုပညာလောကမှ ထွက်ရှိထားသည့် ထိုင်းဟာသဇာတ်ကား The Holy Man မှာ ရော့ခ်စတားဘဝကို နုတ်ထွက်၍ ဘုန်းကြီးဝတ်သွားသည့် ရော့ခ်စတားတစ်ဦး၏ ဇာတ်လမ်းဖြစ်ပြီး ပရိသတ်အားပေးမှု တစ်ခဲနက်ရရှိထားသည်။

အဆိုပါ ဇာတ်ကားတွင် ရော့ခ်စတားတစ်ဦးက ရော့ခ်ဆန်ဆန် ဝုန်းဒိုင်းကြဲရသည်ကို နှစ်သက်ပြီး သူဖျော်ဖြေပွဲကျင်းပတိုင်း ပရိသတ်ချင်းရန်ဖြစ်ကြရာ မီဒီယာများက အပြစ်ပြောခံရသဖြင့် သည်းမခံနိုင်တော့၍ ပူလောင်သည့် လူ့အသိုင်းအဝန်းကို စွန့်ခွာကာ အေးချမ်းရာရှာ၍ ဘုန်းကြီးဝတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဇာတ်ကား၏ရည်ရွယ်ချက်မှာ စိတ်ညစ်စရာများနှင့်ပြည့်နေသောဘဝတွင် အသက်ရှည်ရှည်နှင့် ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားရန် အရေးကြီးကြောင်း၊ ငွေကြောင့် ပျော်ရွှင်မှုမျိုးမဟုတ်ဘဲ မည်သည့် အခြေအနေတွင်မဆို ဒုက္ခကို ရယ်စရာအဖြစ် သဘောထားကျော်ဖြတ်နိုင်ပုံကို ဟာသနှောရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်သည်။ (SKY)



## ပီကန်သီးဖြင့် နေ့စဉ်သွားရည်စာ အစားထိုးခြင်းက ကိုလက်စထရောနှင့် အစားအသောက်အလေ့အထကို မြှင့်တင်နိုင်

အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်တက္ကသိုလ်၏ လေ့လာချက်အရ နေ့စဉ်စားသုံးနေကျ သွားရည်စာများအစား ပီကန်သီးကို အစားထိုးစားသုံးခြင်းဖြင့် ကိုလက်စထရောအဆင့် ပိုမိုကောင်းမွန်လာကာ အစားအသောက်အလေ့အထပါ မြင့်တက်လာကြောင်း တွေ့ရှိရသည်။

အထူးသဖြင့် ဇီဝဖြစ်စဉ်ဆိုင်ရာ ရောဂါလက္ခဏာစုရှိသူ (သို့မဟုတ်) ထိုရောဂါဖြစ်နိုင်ခြေရှိသူများအနက် ပီကန်သီးကို ပုံမှန်သွားရည်စာအဖြစ် အစားထိုးစားသုံးသူများတွင် နှလုံးကျန်းမာရေးနှင့်ဆက်စပ်သော ကိုလက်စထရောညွှန်းကိန်းများ သိသာစွာ တိုးတက်မှုရှိကြောင်း လေ့လာချက်က ဖော်ပြသည်။

သုတေသနတွင် လေ့လာခဲ့သူများအား အုပ်စုနှစ်စုခွဲ၍ တစ်စုကို ပီကန်သီးဖြင့် အစားထိုးစေပြီး အခြားအုပ်စုကို ပုံမှန်အစားအစာများသာ ဆက်လက်စားသုံးစေခဲ့သည်။ ရလဒ်အရ ပီကန်သီးစားသုံးသူများတွင် အခြားအုပ်စုထက် ကိုလက်စထရော အခြေအနေ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရှိရသည်။ (SCI)

## Yu Hewei ကို Golden Eagle Awards အတွက် ဆန်ခါတင်စာရင်းဝင်ထား



အစဉ်အလာကြီးမားသည့် တရုတ်အနုပညာလောက၏ ၃၂ ကြိမ်မြောက် Golden Awards အတွက် ဆန်ခါတင်ဆုစာရင်းဝင် အနုပညာရှင်များကိုကြေညာထားရာ ယူဟီဝိန်လည်းပါဝင်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဆုပေးပွဲအကောင်းဆုံးအမျိုးသားအနုပညာရှင်စာရင်းတွင် ယူဟီဝိန်၊ လီရှန့်၊ ကျန်းရှုယန်၊ ဖန်ဝိန်၊ ဟူဂီနှင့် ဂျင်ဒေါင်းတို့ စာရင်းဝင်ခဲ့ကြသည်။

အကောင်းဆုံးအမျိုးသမီးအနုပညာရှင်စာရင်းတွင် လျူလင်၊ လီကျင်း၊ ယူယွဲ့၊ ကျန်းရှန်၊ ကျန်းလီယင်းနှင့် တန်ယန်တို့ ပါဝင်ထားကြသည်။

(၂၉)ကြိမ်မြောက် Asian Television Awards ဆုအတွက် ချောင်းရီနှင့် Dragon TV ၏ New Year's Event 2025 တွင် War of Faith တို့က နာမည်ကြီးနေသည့်အပြင် ၃၂ ကြိမ်မြောက် Golden Eagle ဆုစာရင်းတွင် ပါဝင်ထားသည်။ (SKY)

## Jisoo ၏ Amortage တစ်ကိုယ်တော်ဂီတမှာ မျှော်လင့်သည်များ ပြန်ရခဲ့ခြင်းဖြစ်

ဘလက်ပင့်ခ်အဖွဲ့ဝင် ဂျီဆိုသည် ရုပ်သံ၊ ရုပ်ရှင်သရုပ်ဆောင်အလုပ်များနှင့် အချိန်ပြည့်နေရာမှ တစ်ကိုယ်တော်ဂီတအယ်လ်ဘမ် Amortage ကို ပရိသတ်အတွက် မျှော်လင့်သည်များပြန်ရခဲ့သည့်အတွက် လက်ဆောင်ပေးခြင်းဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ဂျီဆို၏ ဂီတ Earthqake မှာရင်ကို လှုပ်ခတ်စေသည့် အကြောင်းဖြစ်ပြီး ရင်ထဲစီးမျောခံထားခဲ့ရကာ၊ Your Love မှာ အချစ်၏ လွှမ်းမိုးမှုမှာ ပျော်စရာကောင်းကြောင်း တင်ပြထားသည်။

ဂျီဆို၏ ဂီတဖန်တီးမှုမှာ မြူးတူးလွတ်လပ်ပေါ့ပါး ပျော်ရွှင်နေကာ၊ မီနီအယ်လ်ဘမ်ဖြစ်၍ သီချင်းလေးပုဒ်သာပါပြီး ကိုယ်တိုင်ရေးသားပါဝင်သီဆိုထား၍ လူကြိုက်များ အားပေးမှုရရှိထားသည်။ (SKY)



# အမေရိကန်အဆင့်မြင့် အလည်အပတ်ခရီးစဉ်များကို ဂရင်းလန်ကျွန်းရှိ နိုင်ငံရေးသမားများက ရှုတ်ချခဲ့



**ရေကျာဗစ် မတ် ၂၅**

သမ္မတဒေါ်နယ်လ်ထရမ့်၏ ကျွန်းကို သိမ်းပိုက်ရန် ခြိမ်းခြောက်မှုများနောက်ပိုင်းတွင် ပြုလုပ်သော အမေရိကန်အဆင့်မြင့် အလည်အပတ်ခရီးစဉ်များအတွက် အစီအစဉ်များကို ဂရင်းလန်ကျွန်းရှိ နိုင်ငံရေးသမားများက ရှုတ်ချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခုအပတ်အတွင်း အကောင်အထည်ဖော်မည့် အမေရိကန် ဒုတိယသမ္မတ ကတော် အူရှား ဗန့်စ်၏ ယဉ်ကျေးမှုဖလှယ်ရေးခရီးစဉ်နှင့် သမ္မတ ဒေါ်နယ်လ် ထရမ့်၏ အမျိုးသားလုံခြုံရေး အကြံပေးမိုက်ခ်ဝေါ့လ်ဇ်၏ သီးခြားကနေဒါခရီးစဉ်တို့ကို ထိုသို့ရှုတ်ချခဲ့ခြင်းဖြစ်သည်။

ဂရင်းလန်ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်တော့မည့် မတ်အက်ဂျ်က အဆိုပါအလည်အပတ်အစီအစဉ်များကို မလိုလားကြောင်း ဖော်ပြခဲ့ပြီး ထိုသူနှစ်ဦးအား အစည်းအဝေးများအတွက် ဖိတ်ကြားမည်မဟုတ်ကြောင်းလည်း ပြောကြားခဲ့သည်။

အိမ်ဖြူတော်၏ ထုတ်ပြန်ကြေညာချက်အရ ဒုတိယသမ္မတကတော် ဗန့်စ်အနေဖြင့် ၎င်း၏ကနေဒါခရီးစဉ်အတွင်း သမိုင်းဝင်အထိမ်းအမှတ်နေရာများသို့ သွားရောက်မည်ဖြစ်ပြီး ဂရင်းလန်၏ ပြည်လုံးကျွတ်ခွေးလှည်းပြိုင်ပွဲသို့လည်း တက်ရောက်မည်ဖြစ်သည်။

အာတိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာများကြားတွင် တည်ရှိသော ကမ္ဘာ့အကြီးဆုံးကျွန်းဖြစ်သည့် ဂရင်းလန်ကို ကီလိုမီတာ ၃၀၀၀(မိုင် ၁၈၆၀)အကွာရှိ ဒိန်းမတ်နိုင်ငံမှ နှစ်ပေါင်း ၃၀၀ နီးပါး ထိန်းချုပ်ထားခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀



## ဆိုးလ်မြို့တစ်နေရာရှိ မြေပြိုခဲ့သော မြောင်းထဲသို့ မော်တော် ဆိုင်ကယ်တစ်စီးအရှိန်မထိန်းနိုင်ဘဲထိုးကျ

**ဆိုးလ် မတ် ၂၅**

တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့တစ်နေရာတွင် ယမန်နေ့က မြေပြိုကျခဲ့သော မြောင်းကြီးထဲသို့ မော်တော်ဆိုင်ကယ်တစ်စီးအရှိန်မထိန်းနိုင်ဘဲ ထိုးကျသွားပြီး ဆိုင်ကယ်စီးလာသူအမျိုးသား သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မတ် ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၃၀ခန့်တွင် ဂန်းဒေါင်းရပ်ကွက်အတွင်း ထိုလူမော်တော်ဆိုင်ကယ်စီးနင်းလာစဉ် လမ်းမြေပြိုကျမှုနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ရာမှ အောက်သို့ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံကယ်ဆယ်ရေးအဖွဲ့က အတည်ပြုသည်။

နောက်နေ့ရောက်မှ ကယ်ဆယ်ရေးသမားများသည် ဒေသစံတော်ချိန် နေ့လယ် ၁၀ နာရီခန့်တွင် ၎င်းပြုတ်ကျသွားခဲ့သောနေရာမှ မီတာ ၅၀ (၁၆၄)ပေ အကွာရှိ မြေအောက်မှ ၎င်း၏အလောင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

**Mon**

## ဗြိတိန်နိုင်ငံမှ သန့်နှင့်ချိသော တာယာများကို အိန္ဒိယ၌ ယာယီမီးဖိုများအဖြစ် အသုံးပြုနေကြ

**လန်ဒန် မတ် ၂၅**

ဗြိတိန်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြန်လည်အသုံးပြုရန် ပို့ဆောင်နေသည့် သန်းနှင့်ချီသော တာယာများကို ယာယီမီးဖိုများအဖြစ် အသုံးပြုချက်ပြုတ် နေခြင်းကြောင့် ပြင်းထန်သော ကျန်းမာရေးပြဿနာများနှင့် ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုများဖြစ်ပေါ်နေကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။

ဗြိတိန်မှ တင်ပို့နေသည့် အသုံးပြုပြီး ကားတာယာအများစုကို အိန္ဒိယ၏ မှောင်ခိုဈေးကွက်သို့ ရောင်းချနေသည်ကို သက်ဆိုင်ရာကားလုပ်ငန်းအတွင်း အများသိရှိပြီးဖြစ်သည်။

"ဒီလိုဖြစ်နေတာကို ဒီလုပ်ငန်းထဲက လူတိုင်းသိမှာပါ"ဟု ဗြိတိန်အခြေစိုက် အကြီးဆုံးတာယာပြန်လည်အသုံးပြုရေး စက်ရုံပိုင်ရှင်တစ်ဦးဖြစ်သူ အဲလိယော့မေဆင်က ထုတ်ဖော်ပြောကြားသည်။

ကားများတွင် အသုံးပြုပြီး တာယာများကို အိန္ဒိယဘက်သို့ မှောင်ခိုဈေးကွက်မှ တင်ပို့သည့် နိုင်ငံများအနက် ဗြိတိန်သည် အဆိုးရွားဆုံးသော နိုင်ငံများထဲမှ တစ်ခုဖြစ်သည်ဟု ဆိုသည်။

ဗြိတိန်ပတ်ဝန်းကျင်နှင့် ကျေးလက်ရေးရာဝန်ကြီးဌာနကမူ အသုံးပြုပြီး တာယာများတင်ပို့ခြင်းကို ကန့်သတ်မဲ့ဒဏ်ငွေနှင့် ထောင်ဒဏ်အပါအဝင် တင်းကျပ်စွာ ထိန်းချုပ်ထားသည်ဟု သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Mon**






## အနာဂတ်တွင် အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်စေနိုင်မည့် ကူးစက်ရောဂါ ၂၄ မျိုး စောင့်ကြည့်စာရင်းသစ်ထွက်ပေါ်

**လန်ဒန် မတ် ၂၅**

ဗြိတိန်နိုင်ငံ၌ ပြည်သူ့ကျန်းမာရေးအတွက် အနာဂတ်တွင် အကြီးမားဆုံးခြိမ်းခြောက်မှုဖြစ်စေနိုင်မည့် ကူးစက်ရောဂါ ၂၄ မျိုးပါဝင်သော စောင့်ကြည့်စာရင်းအသစ်မကြာသေးမီက ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အချို့မှာ ကိုဗစ်-၁၉ ကဲ့သို့ ကမ္ဘာ့ကပ်ရောဂါဖြစ်နိုင်ခြေရှိသည့် ဗိုင်းရပ်စ်များဖြစ်ပြီး အချို့မှာ ရှိရင်းစွဲကုသမှုမရှိသော သို့မဟုတ် ကြီးမားသော အန္တရာယ်ဖြစ်စေနိုင်သည့် ရောဂါများဖြစ်သည်။

ဗြိတိန်ကျန်းမာရေးလုံခြုံရေးအဖွဲ့၏ အဆိုအရ ၄က်တုပ်ကွေးနှင့် ရာသီဥတု ပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်လာခြင်းနှင့်အတူ အဖြစ်များလာနိုင်သည့် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများလည်း အဆိုပါစာရင်းတွင် ပါဝင်သည်။

စာရင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ သိပ္ပံပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအား အသစ်အသစ်သောစမ်းသပ်မှုများ၊ ကာကွယ်ဆေးများသို့မဟုတ် ဆေးဝါးများ ဖော်စပ်နိုင်ရေးအတွက် ဦးတည်လှုံ့ဆော်ရန်ဖြစ်ကြောင်း သိရသည်။

**Mon**

## တရုတ်နိုင်ငံမှ ဘီဝိုင်ဒီလျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီ ပြိုင်ဘက် တက်စလာထက် နှစ်စဉ်ဝင်ငွေ သာလွန်နေ

**ပေကျင်း မတ် ၂၅**

တရုတ်နိုင်ငံမှ ဘီဝိုင်ဒီလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီက ၂၀၂၄ ခုနှစ်အတွက် ၎င်း၏ နှစ်စဉ်ဝင်ငွေသည် ပြိုင်ဘက်အမေရိကန်အခြေစိုက် တက်စလာထက် သာလွန်နေကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရှန်ကျန်းအခြေစိုက် ဘီဝိုင်ဒီက ဟိုက်ဘရစ်ကားများ ရောင်းအားကောင်းမှုကြောင့် ဝင်ငွေ ၂၉ ရာခိုင်နှုန်း တိုးတက်ကာ ၇၇၇ ဘီလီယံယွမ်(အမေရိကန်ဒေါ်လာ ၁၀၇ ဘီလီယံ၊ စတာလင်ပေါင် ၈၃ ဘီလီယံ)ရှိခဲ့ပြီး အီလွန်မတ်စ်၏ တက်စလာကုမ္ပဏီရရှိသော အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၇ ဘီလီယံဝင်ငွေထက် ကျော်လွန်သွားခဲ့သည်။

ဘီဝိုင်ဒီသည် တရုတ်နိုင်ငံ အထင်အရှားဆုံး လျှပ်စစ်ကားအဖြစ် ရှည်လျားစွာ ရပ်တည်ခဲ့သော တက်စလာ၏ မော်ဒယ် ၃ နှင့် ယှဉ်ပြိုင်ရန် ဈေးနှုန်းချိုသာသည့် ကားအသစ်တစ်စီးကိုလည်း ထုတ်လုပ်ခဲ့သည်။

တက်စလာသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် အီလွန်မတ်စ်တို့၏ ဆက်ဆံရေးကြောင့် ကမ္ဘာတစ်ဝန်းတွင် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရပြီး တရုတ်ကားထုတ်လုပ်နေသူများသည်လည်း အနောက်နိုင်ငံများတွင် ကုန်သွယ်ခွန်များ၏ သက်ရောက်မှုကို ခံစားနေရသည်။

**Mon**



အစ္စရေးဘက်က ထုတ်ပြန်သော ရွှေ့ပြောင်းရန် အမိန့်များအရ မြောက်ပိုင်း ဂါဇာစရိုင်ရှိ ဘေ့ဟာနန်မြို့မှ ပစ္စည်းများနှင့်အတူ ဂါဇာမြို့ဘက်သို့ ထွက်ခွာသွားကြသော ပါလက်စတိုင်းအရပ်သားများကို ယမန်နေ့က တွေ့ရစဉ်။ **Mon**



## လူသတ်မှုဆိုင်းငံ့ပြစ်ဒဏ်မှ လွတ်မြောက်လာသူကို ဂျပန်အစိုးရက ယန်းငွေ ၂၁၇ သန်း နစ်နာကြေးပေးမည်

**တိုကျို မတ် ၂၅**

ဂျပန်နိုင်ငံတွင် လူသတ်မှုဖြင့် ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်ခံထားရပြီး နှစ်ပေါင်း ၅၀ နီးပါးကြာမှ ပြန်လည်ရှန်းထွက်လာခဲ့ရသူ အိဝအော ဟာကမတအား ဂျပန်အစိုးရက ယန်းငွေ ၂၁၇သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅သန်း) နစ်နာကြေးပေးမည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အသက် ၈၉နှစ်အရွယ် အိဝအော ဟာကမတသည် ၁၉၈၆ခုနှစ်က ၎င်း၏အလုပ်ရှင်နှင့် အလုပ်ရှင်ဇနီး၊ သူတို့၏ ကလေး နှစ်ဦးကို သတ်ဖြတ်မှုဖြင့် အပြစ်ရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခံခဲ့ရသော်လည်း ယမန်နှစ်က ပြန်လည်စစ်ဆေးမှုတွင် ၎င်းအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

၎င်း၏ ရှေ့နေများက ကမ္ဘာ့အကြာဆုံးသေဒဏ်ချမှတ်ခံထားရသူအဖြစ် စံချိန်တင်စေခဲ့သည့်အပြင် ၎င်း၏ စိတ်ကျန်းမာရေးကို ထိခိုက်စေခဲ့သည့် ၄၇ နှစ်ကြာ အကျဉ်းချထားမှုအတွက် အများဆုံးလျော်ကြေးပေးရန် တရားရုံးတွင် တောင်းဆိုခဲ့ကြသည်။

ဂျပန်အစိုးရက ဟာကမတအား နစ်နာကြေးငွေပေးအပ်မည်ဖြစ်ပြီး ဒေသခံမီဒီယာများက ၎င်းကို နိုင်ငံသမိုင်းတစ်လျှောက်မှုခင်း နစ်နာကြေးအများဆုံးရမည့်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနေကြသည်။

၂၀၁၄ ခုနှစ်တွင် ပြန်လည်စစ်ဆေးမှုခွင့်ပြုခံရပြီး ထောင်မှလွတ်မြောက်လာသည့်နောက်ပိုင်း ဟာကမတသည် အသက် ၉၁ နှစ်ရှိသူ၏ အစ်မဟီဒဲကော၏ စောင့်ရှောက်မှုဖြင့် နေထိုင်ခဲ့ကြောင်း သိရသည်။

**Mon**







# မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ မဟာထေရ်မြတ်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး မတ် ၂၅**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၄)ရက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၅ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ရရှိတော်မူသော မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ မဟာထေရ်မြတ်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခြင်း ဂုဏဝိသိဋ္ဌပူဇာသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ ရွှေအင်းဝ ဗိမာန်တော်တွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရွှေအင်းဝ ဗိမာန်သို့ သွားရောက်ပြီး မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ မဟာထေရ်မြတ်ကြီးအားဖူးမြော်၍ သာသနာတော်ပြန့်ပွားရေးအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဩဝါဒများ ခံယူပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

၎င်းနောက် ထပ်ဆင့်ဂုဏ်ပြုခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုပြီး ဆရာတော်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။







၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပနေသည့် ချမ်းအေးသာစံမြို့နယ်ရှိ စာဖြေဌာန အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများအားဖူးမြော်၍ ဩဝါဒများခံယူပြီး စာဖြေခန်းများတွင် စာဖြေသံဃာတော်များ၊ သီလရှင်များအေးချမ်းစွာဖြင့် စာဖြေဆိုနေမှုများကို လိုက်လံကြည့်ရှု ကြည်ညိုကာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း အစိုးရဓမ္မာစရိယစာမေးပွဲစာဖြေဌာန ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် ဝင်ရောက်ဖြေဆိုမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၊ စာဖြေသံဃာတော်များနှင့် သီလရှင်များ စိတ်ချမ်းမြေ့စေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## သကြံ့န်တွင်း တရားစခန်းပွဲ ကျင်းပမည်

**ပြင်ဦးလွင် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်(ပြင်ဦးလွင်-မိုးကုတ် ကားလမ်းဘေး) သက္ကံချိုင်းကျေးရွာ၊ အတ္တဒီပ ဘုန်းတော်ကြီးကျောင်း၌ သကြံ့န်တွင်းကာလ စုပေါင်းဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲနှင့် မိုးကုတ်ဝိပဿနာ (၇)ရက် တရားစခန်းပွဲများကို ဧပြီ ၁၁ရက်မှ ၁၇ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

စုပေါင်းဒုလ္လဘရဟန်းခံလိုသူများ၊ သီလရှင်ဝတ်လိုသူများနှင့် တရားအားထုတ်လိုသော ယောဂီများအနေဖြင့် ဧပြီ ၉ ရက်တွင် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ကြောင်း၊ တရားစခန်းဝင်လိုသူယောဂီများအနေဖြင့် မိမိတို့နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုပါ တစ်ပါတည်းယူဆောင်လာရန်နှင့် မည်သည့်အခကြေးငွေမှ ပေးစရာမလိုကြောင်း အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၇၅၇၅၇၁၆နှင့် ၀၉-၃၃၃၁၅၆၆၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## Mandalar Commercial Fair ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် မင်္ဂလာမန္တလေးတွင် ကျင်းပ၊ အထူးနှုန်းဖြင့် ရောင်းချ

**မန္တလေး မတ် ၂၅**

Mandalar Commercial Fair ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ မင်္ဂလာမန္တလေး ပရိမိုးရှင်းဧရိယာတွင် မတ် ၂၁ ရက်မှ ၂၃ရက် အထိ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှအဖွဲ့ဝင်များ တက်ရောက်အားပေးကြသည်။

ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို IRIS Media& Marketing မှ ဦးစီးကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့ရှိ ကုမ္ပဏီများမှ လူသုံးကုန်၊ အလှကုန်၊ စားသောက်ကုန်၊အဝတ်အထည်၊အမျိုးသမီးသုံး ဖိန့်စီပစ္စည်းများ၊ကလေးကစားစရာအရုပ်များ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပေးသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ပြခန်းပေါင်း ၄၀ကျော် ပါဝင်ပြသရောင်းချကြပြီး ကုမ္ပဏီများမှ ဈေးကွက်မိတ်ဆက်အနေဖြင့် လူသုံးကုန်၊ အလှကုန်ပစ္စည်းများအား အထူးလျှော့ဈေးရောင်းချ၍ လက်ဆောင်များပေးအပ်ရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ (၀၄၅)

# ၂၀၂၅ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပ






**မန္တလေး မတ် ၂၅**

၂၀၂၅ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ် ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစားတိုးတက်မြင့်မားရေးကို အထောက်အကူပြုစေရန်၊ ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိကာ နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဆင့်ထိ တက်လှမ်းနိုင်စေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်များအတိုင်း ပြည့်မီအောင်၊ ပြိုင်ပွဲ၏ အနှစ်သာရများ အကောင်အထည်ပေါ်လာအောင်၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် ၂၀၂၅ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ချမ်းမြသာစည်မြို့နယ်အသင်းနှင့် ညောင်ဦးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ ချမ်းမြသာစည်မြို့နယ်အသင်းက ညောင်ဦးမြို့နယ်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို အောင်မြေမန္တလာကွင်းနှင့် ဗထူးအားကစားကွင်းတို့တွင် သက်ဆိုင်ရာပွဲစဉ်များအလိုက် ဧပြီလ ၁၀ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)





## ၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (အာရှဇုန် ခြေစစ်ပွဲ-တတိယအဆင့်)အနိုင်၊ အရှုံး

NGB

| | | |
|---|---|---|
| ဂျပန် | ၀ - ၀ | ဆော်ဒီအာရေဗျ |
| တောင်ကိုရီးယား | ၁ - ၁ | ဂျော်ဒန် |
| တရုတ် | ၀ - ၂ | ဩစတြေးလျ |
| ကာတာ | ၃ - ၁ | ကာတာ |
| အင်ဒိုနီးရှား | ၁ - ၀ | ဘာရိန်း |

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး

NGB

| | | |
|---|---|---|
| ကမ္ဘောဒီးယား | ၁ - ၂ | အရူဘာ |

## ၂၀၂၇အာရှဖလား ဘောလုံးပြိုင်ပွဲ (ခြေစစ်ပွဲ-တတိယအဆင့်)အနိုင်၊ အရှုံး

NGB

| | | |
|---|---|---|
| တရုတ်တိုင်ပေ | ၁ - ၂ | တာမင်နစ္စတန် |
| တာဂျစ်ကစ္စတန် | ၁ - ၀ | တီမော |
| ဖိလစ်ပိုင် | ၄ - ၁ | မော်လ်ဒိုက်စ် |
| ဘူတန် | ၀ - ၀ | ယီမင် |
| ဗင်ကာပူ | ၀ - ၀ | ဟောင်ကောင် |
| ထိုင်း | ၁ - ၀ | သီရိလင်္ကာ |
| ဗီယက်နမ် | ၅ - ၀ | လာအို |

## နွေစပါးပန်းတိုင် အထွက်နှုန်းရရှိရေးနှင့် မျိုးစေ့ထုတ်စိုက်ဧရိယာများ ဖြစ်ပေါ်လာရေး ကွင်းဆင်းစစ်ဆေး

**အမရပူရ မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နွေစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့်မျိုးစေ့ထုတ်ဧရိယာများ ဖြစ်ပေါ်လာစေရေးတို့အတွက် နွေစပါး(မုရင်းစပါး)အနေဖြင့် ၈၈၆ ဧက စိုက်ပျိုးထားမှုကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် အပင်ဖြစ်ထွန်းမှုကောင်းမွန်ရေး၊ ရေရရှိရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး မနော်သုခမျိုးစေ့ထုတ် လျှာထားဧက ၃၀ စိုက်ပျိုးပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လာမည့် လေးလပိုင်းတွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသနိုင်ရန် ရက် ၉၀ စပါး ၁၅ ဧကအတွက် ပျိုးဗန်းများဖြင့် ပျိုးထောင်ထားရှိပြီး မျိုးစေ့ထုတ်ဧရိယာများ ဖြစ်ပေါ်လာရေး တောင်သူများကို နည်းပညာပေးစိုက်ပျိုးပြသသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

စိုးသီဟ(အမရ)




## ကစားသမားဘဝမှ အနားယူမည်မဟုတ်သေးဟု မိုဒရစ် ပြောကြား



**မက်ဒရစ် မတ် ၂၅**

ရီးရဲလ်မက်ဒရစ်အသင်းနှင့် ခရိုအေးရှားအသင်း ကွင်းလယ် ကစားသမား မိုဒရစ်က မိမိအနေဖြင့် ကစားသမားဘဝမှ အနားယူမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အသက်အရွယ်ပိုင်းအားဖြင့် ရှိပြီဖြစ်သော်လည်း လက်ရှိအချိန်အထိ အသင်းနှင့်အတူ ခြေစွမ်းပြထားနိုင်ဆဲဖြစ်သည်။

ကွင်းလယ်ကစားသမား မိုဒရစ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၇၉ ပွဲ ကစားကာ ၄၃ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

မိုဒရစ်က "ကျွန်တော် ကစားသမားဘဝမှ အနားယူသွားမှာ မဟုတ်သေးပါဘူး။ အသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ။ နောက်ထပ်လည်း ရီးရဲလ်မက်ဒရစ်အသင်းနဲ့အတူ သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)**

**(NGB)**



## အင်္ဂလန်အသင်းက လတ်ဗီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၅**

၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ (ဥရောပဇုန်-အုပ်စုအဆင့်) ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့်လတ်ဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက လတ်ဗီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၈ မိနစ်တွင် ရစ်ဆီဂျိမ်းစ်၊ ပွဲချိန် ၆၈ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၇၆ မိနစ်တွင် အစ်ဇီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်) ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၁ ရက်တွင် ဆီနီဂေါအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## မူဒရစ်အား အငှားဖြင့် ခေါ်ယူရန် ဆီဗီလာအသင်းစီစဉ်

**လန်ဒန် မတ် ၂၅**

ဆီဗီလာအသင်းသည် ချဲလ်ဆီးအသင်းတောင်ပံကစားသမား မူဒရစ်အား အငှားဖြင့်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၃ ပွဲ ကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

တောင်ပံကစားသမား မူဒရစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ချဲလ်ဆီးအသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။ **(အောက်ပုံ)**

ထို့ကြောင့် ဆီဗီလာအသင်းအနေဖြင့် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ မူဒရစ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**






## နယူးဇီလန်အသင်း ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်

**လန်ဒန် မတ် ၂၅**

နယူးဇီလန်အသင်းသည် ၂၀၁၀ ကမ္ဘာ့ဖလားနောက်ပိုင်း တစ်ကြိမ်ပြန်အဖြစ် ယခု ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲအား အောင်မြင်နိုင်ခဲ့သည်။

နယူးဇီလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ သမုဒ္ဒရာပိုင်းဇုန် ဗိုလ်လုပွဲတွင် နယူးကယ်လီဒိုးနီးယားအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း ဖြစ်သည်။

နယူးဇီလန်အသင်းထုတ်ပြန်ချက်တွင် "အသင်းအနေနဲ့ အခုလို ခြေစစ်ပွဲအောင်မြင်နိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို အသင်းအောင်မြင်မှုများ ရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ)**

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအား ပြိုင်ပွဲဝင် ၄၈ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ **(NGB)**

## ရာဖင်ဟာ၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၁၂၀ အဖြစ် ဘာစီလိုနာအသင်း သတ်မှတ်

**ဘာစီလိုနာ မတ် ၂၅**

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် တိုက်စစ်မှူး ရာဖင်ဟာ၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၁၂၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ပရီးမီးယားလိဂ်ကလပ်အသင်းများအပြင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး ရာဖင်ဟာသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ ပွဲကစားပြီး ၄၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘာစီလိုနာအသင်းကလည်း ရာဖင်ဟာအတွက် ၎င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။ **(ယာပုံ)**

ထို့ကြောင့် ရာဖင်ဟာအား ဘာစီလိုနာအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## 2025 Miami Open presented by Itau အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Magda Linette တက်ရောက်

**မိုင်ယာမီ မတ် ၂၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Magda Linette တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Magda Linette သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အိမ်ရှင် အမေရိကန်တင်းနစ်မယ် Coco Gauf အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Magda Linette နှင့် အီတလီတင်းနစ်မယ် Jasmine Paolini တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## ဘောလုံးသတင်းအတိုအထွာများ

* ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ CONCACAF Nations League ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မက္ကဆီကိုအသင်းနှင့် ပနားမားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မက္ကဆီကိုအသင်းက ပနားမားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

* ရန်ပုံငွေပွဲစဉ်အဖြစ် စပါးဂန္ဓဝင်အသင်းနှင့် အေစီမီလန်ဂန္ဓဝင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပါးဂန္ဓဝင်အသင်းက အေစီမီလန်ဂန္ဓဝင်အသင်းအား ခြောက်ဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရယူနိုင်ခဲ့သည်။ **(NGB)**

## ခီယေဆာ လီဗာပူးအသင်းတွင် ဆက်ရှိသွားမည်ဟု ဖခင်ဖြစ်သူက ပြောကြား



**လန်ဒန် မတ် ၂၅**

လီဗာပူးအသင်း တောင်ပံကစားသမား ခီယေဆာ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ဖခင်ဖြစ်သူ အမ်ရစ်ကိုခီယေဆာက ပြောကြားခဲ့သည်။

အဆိုပါ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ခီယေဆာသည် လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၁ပွဲကစားပြီး ၂ဂိုး သွင်းယူထားသည်။

ဖခင်ဖြစ်သူ အမ်ရစ်ကိုခီယေဆာက "ခီယေဆာ လီဗာပူးအသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း ဒီမှာ ပျော်ရွှင်နေပါတယ်။ သူအနေနဲ့လည်း အောင်မြင်မှုတွေ ရယူသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ လီဗာပူးအသင်းဟာ ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ"ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

# အနုပညာအထက်တန်းကျောင်း(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



**မန္တလေး မတ် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ၊ အနုပညာအထက်တန်းကျောင်း (မန္တလေး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်းချီ၊ ပန်းပု ကျောင်းဆင်းလက်ရာမွန် ပန်းချီကားများနှင့် ပန်းပုရုပ်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းအဖွင့်အမှာစကား ပြောကြားရာတွင် အနုပညာနှင့်နည်းပညာကို ပေါင်းစပ်ဖန်တီးဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် မြန်မာ့ရိုးရာကို အခြေခံသည့် အနုသုခမပညာရပ်များကို ပိုင်နိုင်စွာ သင်ကြားတတ်မြောက်ထားကြရမည်ဖြစ်ပါကြောင်း၊ ခေတ်နှင့်လျော်ညီသည့် နည်းပညာပိုင်းဆိုင်ရာများကိုပါ ဆက်စပ်ပေါင်းစည်းဆောင်ရွက်နိုင်ကြရန်အတွက် အခြေခံပညာအထက်တန်းအဆင့်စာပေပညာရပ်များကို အားထုတ်ကြိုးစားနေကြရမည် ဖြစ်ပါကြောင်း၊ အနုပညာ၏အရေးပါမှုကိုသိရှိကာ သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များကို အခြေခံပြီး အနုပညာအရည်အသွေးများကို ယခုထက်ပိုမိုတိုးတက်ပြောင်မြောက်လာအောင် တစ်စိုက်မတ်မတ် ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ပန်းချီ၊ ပန်းပုဌာနနှင့်ပန်တျာဌာနတို့မှ ထူးချွန်ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ(၅)ဦးအား ထူးချွန်ဆုတံဆိပ်များ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ခေတ်ကာလအလျောက် တိုးတက်ပြောင်းလဲလာသည့် အနုသုခမဆိုင်ရာ သဘောတရားများ၊ ပုံသဏ္ဍာန်များ၊ နည်းပညာအတတ်ပညာရပ်များနှင့် ပေါင်းစည်းဖြည့်စွက်မှုများကို တစ်ဖက်က မျက်ခြည်မပြတ်အောင်လေ့လာနေကြရမည်ဖြစ်သလို အခြားတစ်ဖက်တွင်လည်း ကျောင်းတော်ကြီးမှာ သင်ယူခဲ့ကြရသည့် မြန်မာ့ရိုးရာအမွေအနှစ် အနုသုခမပညာရပ်များကို မေးမှိန်တိမ်ကောပပျောက်သွားခြင်း မဖြစ်ရလေအောင် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ပန်တျာဌာနမှ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးနှင့် ပန်းချီ၊ ပန်းပုဌာနမှ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးတို့အား အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပန်တျာဌာနမှ သင်တန်းဆင်းပဒေသာကပွဲ စွမ်းရည်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ













# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် သံဃာတော် ၁၀၈ ပါး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရေးနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ






**မန္တလေး မတ် ၂၅**

မန္တလေးမြို့တွင် ၂၀၂၅ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ မြန်မာနှစ်ဆန်း (၁)ရက်နေ့တွင် သံဃာတော် ၁၀၈ ပါး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ရေးနှင့် ကောင်းမှုကုသိုလ်ပြုလုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီများမှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအစည်းအဝေးသည် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ယခင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများမှ ဆုံးဖြတ်ချက်များနှင့် ဆွေးနွေးဆုံးဖြတ်ရန်ကျန်ရှိသည်များကို ယခုအစည်းအဝေးတွင် အပြီးသတ်ဆွေးနွေးဆုံးဖြတ်ကာ လုပ်ငန်းများကို စတင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင် အတည်ပြုသတ်မှတ်ခံရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး အတာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပရင်း ယခင်နှစ်များနှင့်မတူ ပြည်သူအားလုံးအေးချမ်းပျော်ရွှင်ဆင်နွှဲကာ ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားနိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သင်္ကြန်မဏ္ဍပ်၊ ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များ၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှုနှင့် အညီ ကျင်းပသွားမည်ဖြစ်ရာ အားလုံးတက်ညီလက်ညီကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း၊ မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် သံဃာတော် ၁၀၈ ပါးဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ရာ ကော်မတီနှင့် လုပ်ငန်းကော်မတီများအလိုက် လစ်ဟင်းမှုမရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် လုပ်ငန်းကော်မတီဝင်များ၊ ဝန်ကြီးဌာနများရှိ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေး အကြံပြုချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

# နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပုဗ္ဗသီရိ မတ် ၂၅**

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ‘သတင်းစကား’ လက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိသည့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း စွမ်းရည်မြှင့်သင်တန်း ဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ‘သတင်းစကား’ လက်ကမ်းစာစောင်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ အခမဲ့ထုတ်ဝေခဲ့ပြီး လက်ကမ်းစာစောင်တွင် နှင်းအပ်တာဝန် ကျေပွန်ခဲ့သည်။ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ၊ နိုင်ငံရေး ရည်မှန်းချက် (၂)ရပ်၊ အမျိုးသားရေး ရည်မှန်းချက် (၂)ရပ်၊ တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်၊ ၂၇-၃-၂၀၂၄ ရက်နေ့ (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်၊ မျိုးမြတ်မြတ်မြင့်မောင်၏ ‘ချစ်ညီစစ်သည်သို့’ ကဗျာ၊ ကာတွန်း စသည့်အချက်များပါဝင်ကြောင်း သိရသည်။

(ယာပုံ)

**အောင်ကို(ဖန်ခါးမြေ)**

၀-၀-၀



# မန္တလေးတွင်ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာ(Dip.EP) သင်တန်းများ ဖွင့်လှစ်ပို့ချ

**မန္တလေး မတ် ၂၅**

အခြေခံပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း(Diploma In Education and Pedagogy-Dip.EP)ကို မတ် ၂၄ ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာဦးစီးဌာန(အခြေပြု)၊ ကသာပညာရေးဒီဂရီကောလိပ်၌ စတင်ဖွင့်လှစ်ပို့ချသည်။



အဆိုပါသင်တန်းတွင် ဆရာအတတ်ပညာဦးစီးဌာနမှ သင်ကြားပို့ချပေးခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများ တက်ရောက်သင်ယူလျက်ရှိသည်။

Dip.EP သင်တန်းပို့ချပေးနေသော ကသာပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါ်နွယ်နွယ်ဝေက "Dip.EP သင်တန်းကတော့ ဒီပလိုမာလက်မှတ်မရသေးတဲ့ မူလတန်းပြဆရာ၊ ဆရာမတွေကို သင်တန်းပေးတာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေက ကျောင်းသား၊ ကျောင်းသူတွေကိုသင်ကြားတဲ့အခါ အဓိကလိုအပ်တဲ့သင်ပြနည်းတွေ၊ ကလေးတွေစိတ်ပါဝင်စားစွာ သင်ကြားနိုင်တဲ့ သင်ပြနည်းတွေကို သင်ကြားပေးမှာဖြစ်ပါတယ်" ဟု ပြောသည်။

၎င်းသင်တန်းကို အောင်မြေသာစံမြို့နယ်အတွင်းရှိ ကသာပညာရေးဒီဂရီကောလိပ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့တွင် စုစုပေါင်း ၉၅၅ ဦးကို တစ်ပြိုင်တည်း သင်ကြားပို့ချလျက်ရှိပြီး ပညာရေးသဘောတရား၊ ပညာရေးစိတ်ပညာ၊ မြန်မာစာသင်ပြနည်း၊ အင်္ဂလိပ်စာသင်ပြနည်း၊ သင်္ချာသင်ပြနည်း အပါအဝင် ဘာသာရပ်စုစုပေါင်း (၁၆) ခုဖြစ်ကြောင်း သိရသည်။

"Dip.EP သင်တန်းကို တက်ရောက်ရတဲ့အတွက် ကျွန်မတို့ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးတွေ ပိုပြီးမြင့်မားလာမှာပါ။ ကျွန်မတို့မသိသေးတဲ့ ပညာရေးအသိပညာတွေထပ်မံသိရှိရပါတယ်။ ဒီလိုသိရှိရတဲ့အတွက် နောင်အနာဂတ်မှာဖွံ့ဖြိုးလာမယ့် ကလေးတွေအတွက် အကျိုးကျေးဇူးတွေရှိမှာဖြစ်ပါတယ်" ဟု သင်တန်းသူလက်ထောက် မူလတန်းပြဆရာမ ဒေါ်အင်ကြင်းခိုင်က ပြောသည်။

ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း(Dip.EP)ကို မန္တလေး၊ ပြင်ဦးလွင်နှင့် မိတ္ထီလာအပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မူလတန်းပြဆရာ၊ ဆရာမ ၈၀၀၀ဦးကျော် တက်ရောက်ကြပြီး သင်တန်းကာလနှစ်လခွဲနှင့် ကျောင်းဖွင့်ရာသီအတွင်း သက်ဆိုင်ရာကျောင်းများ၌ လက်တွေ့တန်းပြ ၄၃ရက် သင်ကြားပို့ချရမည်ဖြစ်၍ စုစုပေါင်း လေးလကြာမြင့်မည်ဟု သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ၂၃၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မတ် ၂၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် ဖိလစ်ပိုင်နိုင်ငံသား ၁၇၆ ဦး၊ မလေးရှားနိုင်ငံသား ၂၄ ဦး၊ နီပေါနိုင်ငံသား လေးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား နှစ်ဦးတို့ကို မြန်မာ - ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃၈ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံရုံးမှ Counsellor Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ Charge' d' Affaires a.i Mr. Bong Yik Jui နှင့် တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Jeffery Salik နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါသံရုံးမှ Third Secretary Mr. Aakash Adhikari နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာအထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

အလားတူ ယနေ့တွင် မြဝတီမြို့ မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၆၇၀ ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၄၀၆ ဦးကို ထိုင်းနိုင်ငံမှ



တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၂၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက်ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၅**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Sainna Wkhan 7" TikTok အကောင့် ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ဇေယျာထွန်းအား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြည်ကြီးတံခွန် မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့နယ်၌ လူငယ်များကို စစ်မှုထမ်းဆောင်ရန် အဓမ္မဖမ်းဆီးနေကြောင်း သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၂၅**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်၌ ပြည်သူ့စစ်မှု ထမ်းဆောင်ရန်အတွက် လူငယ်များကို အဓမ္မဖမ်းဆီးနေ




ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ မဟုတ်မမှန် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒ ဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မအူပင်မြို့နယ် အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အများပြည်သူတည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက်လုံခြုံရေးအရစစ်ဆေးခြင်းများအပါအဝင် အကြမ်းဖက်လုပ်ငန်းများ မဖြစ်ပွားစေရေး အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့် ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မီးဘေးလုံခြုံရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**တောင်တွင်းကြီး မတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပူပြင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေး လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက စတင်ကာ ဌာနဆိုင်ရာရုံးများတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးသက်နိုင်ဦး ဦးဆောင်၍ သန္တေတပ်ဖွဲ့ဝင်ငါးဦးမှ သစ်ထုတ်လုပ်ရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများအား မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် ရည်မှန်းချက် တာဝန်ကြီးလေးရပ်၊ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးသတ်ဆေးဘူး၏ အချက်အလက်များနှင့် အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားပေးခဲ့သည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကိုယ်တိုင် မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်နည်း ဓာတ်တိုက်လေ့ကျင့်ပေးခြင်းနှင့် မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသ၍ လက်တွေ့ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

နောင်နောင်(မိသနီးမြေ)

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်



**သရက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကွပ်ကွပ်အိတ်)အစား ၎က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို မတ် ၂၄ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်၊ (ကွပ်ကွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓာတ်ပုံ)

ဇော်ထက်(သရက်)

၀-၀-၀-၀-၀

# တောင်သမန်ဦးပိန်တံတားသို့ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ယခင်နှစ်ထက် ပိုများလာ

**မန္တလေး မတ် ၂၅**

အမရပူရ၊ တောင်သမန်ဦးပိန်တံတားသို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလစ၍ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ယခင်နှစ်ထက် ပိုမိုများပြားပြီး မတ်လ ၁၈ရက်အတွင်း၌ အုပ်စုလိုက်လာရောက်သည့် ပြည်ပခရီးသွားများ ရောက်ရှိလာကြောင်း တောင်သမန်ငှက်လှေအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

တောင်သမန်သို့ လာရောက်ကြသည့် ပြည်ပခရီးသွားများ အနက် ပြီးခဲ့သည့်ရက်များက အုပ်စုလိုက်လာရောက်မှု ပိုမိုများပြားပြီး နိုင်ငံ ၄နိုင်ငံမှ ပြည်ပခရီးသွားများဖြစ်သည်ဟု သိရသည်။

"မနှစ်ကနဲ့ နှိုင်းယှဉ်ရင် ပြည်ပခရီးသွားလာရောက်မှုများတယ်လို့ ပြောရမယ်။ အရင်နှစ်တွေမှာ တရုတ်၊ ထိုင်းက ခရီးသွားတွေများပေမယ့် ဒီနှစ်မှာ ဘီလာရုနိုင်ငံနဲ့ အိန္ဒိယနိုင်ငံက ခရီးသွားတွေလည်း လာကြတာတွေ့ရတယ်။ ငှက်လှေစီးတယ်။ တောင်သမန်တံတားနဲ့ နေဝင်ဆည်းဆာနေလုံးကြီးကို ကြည့်ကြတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ်ဆန်းပိုင်းမှ စတင်၍ တောင်သမန်ဦးပိန်တံတားသို့လာရောက်သည့် ပြည်ပခရီးသွားဧည့်သည် စုစုပေါင်း ၁၅၀ ဝန်းကျင်ရှိခဲ့ပြီး မတ်လတွင် အုပ်စုလိုက်လာရောက်မှုမှာ ၃၆ ယောက်ပါသော ရုရှားနိုင်ငံမှခရီးသွားအဖွဲ့၊ ၁၂ဦးပါသော ဘီလာရုနိုင်ငံခရီးသွားအဖွဲ့၊ ၂၈ဦးပါသော ထိုင်းနိုင်ငံမှ ခရီးသွားအဖွဲ့နှင့် တရုတ်နိုင်ငံ၊ ခရီးသွားအဖွဲ့ ၄ဖွဲ့မှ စုစုပေါင်း ၆၃ဦးတို့ ဖြစ်ကြောင်း သိရသည်။

"ငှက်လှေအသင်းမှာ ၄၅စင်းရှိပြီး ခုတော့ ၃၅ စင်းရှိတယ်။ တချို့က ရွှေစာရံပွဲတော်ဘက်သွားပြီး ငှက်လှေလိုက်နေတာလည်းရှိတယ်။ ဒီနှစ်မှာ ပြည်ပခရီးသွားတွေသာမက ပြည်တွင်းခရီးသွားလာရောက်မှုလည်း ပိုများလာပါတယ်။ ကျောင်းပိတ်ရက် ရုံးပိတ်ရက်ရှည်မှာ ဒီထက်ပိုများလာမှာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်သမန်ဦးပိန်တံတားပတ်ဝန်းကျင်တွင် ဈေးဆိုင်ခန်းများ၊ နားနေရန်နှင့် တောင်သမန်ရှုခင်းကြည့်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တောင်သမန်မယ်ဇယ်လွင်ပြင်တည်ဆောက်ပြီး နောက်ပိုင်း ပြည်တွင်းဧည့်သည် လာရောက်မှု ပို၍များပြားလာကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)



# မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီများရေ့လုပ်ငန်းစဉ်များဆွေးနွေး၊ ငွေများလှူဒါန်း

**မန္တလေး မတ် ၂၅**

မန္တလေးတက္ကသိုလ် (၁၉၂၅-၂၀၂၅) နှစ်(၁၀၀) ပြည့်ပွဲတော်စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေးများ ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံဆွေးနွေးပွဲနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၂၄ရက် မွန်းလွဲ ၁နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၅၃လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ Hotel Hazel တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးတင်မောင်က မန္တလေးတက္ကသိုလ် (၁၉၂၅/၂၀၂၅)နှစ်(၁၀၀)ပြည့်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အဖွင့်အမှာစကားပြောကြားပြီး နာယကဒေါက်တာ မောင်သင်းနှင့်ဥက္ကဋ္ဌ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ သီတာဝင်းမှ မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ပြင်ဆင်ဆောင်ရွက်မှုများကို တင်ပြသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်က အနုပညာဖျော်ဖြေရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးညီညီချစ်က အလှူငွေရရှိမှုများကိုလည်းကောင်း၊ မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်မဂ္ဂဇင်းထုတ်ဝေရေး၊ စာမူစုဆောင်းရေးဆိုင်ရာများကိုလည်းကောင်း၊ နှစ်(၁၀၀)ပြည့် သမိုင်းစာအုပ်၊ စာစောင်များပြုစုထုတ်ဝေရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမောင်ချိုကလုပ်ငန်းစဉ်များကိုလည်းကောင်း၊ အားကစားကော်မတီမှ ဦးဇော်ဝင်းနှင့် ဦးထွန်းလင်းတို့က မန္တလေးတက္ကသိုလ်ဂုဏ်ဆောင်အားကစားသမားများနှင့်ပတ်သက်၍လည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးလွင်က ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေး အလှူငွေပေးအပ်ပွဲကျင်းပရာ ဦးတင်မောင်+ဒေါ်ခင်မြမြ(သူရိန်နန်းအထက်တန်းကျောင်း)က ငွေကျပ် သိန်း ၁၀၀၊ ဒေါ်နှင်းနှင်းမော်(CAE အထက်တန်းကျောင်း)က ငွေကျပ် သိန်း ၁၀၀၊ ဦးကာက(လက်ဖက်ခြောက်)မိသားစုကငွေကျပ် သိန်း ၁၀၀၊ ဒေါက်တာကိုကိုလေး+ဒေါ်ခင်စောဦး(အိုရီယမ်တယ်ဟောက်)က ငွေကျပ် သိန်း ၅၀၊ ဦးခင်မောင်ချို+ဒေါက်တာဥမ္မာ(KMC အထက်တန်းကျောင်း)က ငွေကျပ် သိန်း၅၀၊ ဦးဝင်းစိန်+ဒေါ်သန်းသန်းဝင်း(Top Shine Money Changer) ငွေကျပ် သိန်း ၅၀၊ ဒေါ်သန်းသန်းဆွေ (Hotel Hazel)က ငွေကျပ် သိန်း၃၀၊ ဦးတင်မျိုးလွင်+ဒေါ်တင်မာဆွေ(နဝရတ်ပဲခွဲစက်)က ငွေကျပ် သိန်း ၃၀၊ ဦးစိုးလွင်+ဒေါ်မြင့်မြင့်သိန်း(ဇင်ယော်ပလတ်စတစ်)က ငွေကျပ် ၂၅သိန်း၊ ဦးမြတ်ကျော်သူ+သီဟသုမေ့သီဂီ ဒေါက်တာသုဇာမျိုးမျိုးဝင်းက ငွေကျပ် သိန်း၂၀ အပါအဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေများလှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

(ယာပုံ)

(ဝ၄၅)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကိုယ့်ရပ်ကိုယ့်ရွာသာစေလို

* အိမ်ရှေ့လမ်းမ သာသာယာ
ဖုန်မှိုက်ကင်းစင်ကွာ။
နံနက်ချိန်ခါ အိမ်တိုင်းက
တံမြက်စည်းလှည်းကြ။

* လမ်းမအတွင်း မိုးရွာလျှင်
ရေများလည်းမတင်။
ရေမြောင်းထဲတွင် အမှိုက်များ
ချလွှင့်ပစ်မထား။

* ရပ်ကွက်အိမ်ကြား ခြင်မလာ
ရေဆိုးမအောင်းပါ။
တစ်ပတ်တစ်ခါ အညစ်ကြေး
ရေလောင်းရှင်းထုတ်ပေး။

* ရပ်ကွက်လမ်းဘေး ကြည့်လိုက်ရင်
စိမ်းလန်းစိုပြည်လွှင်။
သစ်ပင်ပန်းပင် မြေကွက်လပ်
စိုက်ပျိုးနေထိုင်တတ်။

* နေထိုင်ရာရပ် ရောက်လူစုံ
ချီးကျူးကြမကုန်။
စနစ်ကျပုံ နေပုံအား
ဂုဏ်ပြုပြောလို့သွား။

* ကိုယ့်နေရပ်များ သာယာရန်
တုပပြုကျင့်ကြံ။
စနစ်အမှန် လုပ်ဖို့တတ်
စည်းကမ်းလည်းလိုအပ်။ ။

စိမ်းလဲ့ဝါ(မန်းမြေ)



## သတင်းပဒေသာ

### Mobile စနစ်ဖြင့် စာအုပ်စောင်များ ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိရေး၊ စာပေမှရရှိသည့် ဗဟုသုတများ တိုးပွားစေရေး၊ အလုပ်တာဝန်များကြောင့် စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လာရောက်မငှားရမ်းနိုင်သော ဒေသနေပြည်သူများနှင့် ဝန်ထမ်းများအား Mobile စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၁) ရပ်ကွက်သို့ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်း ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း(Book Club)တို့ ပူးပေါင်းပြီး စာရေးဆရာဖေမြင့်၏ တန်ဖိုးထားအပ်သောအရာများစာအုပ်ကို လေ့လာဖတ်ရှု၍ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ငါန်းဇွန်မြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်နေခြည်ဦးက စာဖတ်ဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)မှ အဖွဲ့ဝင်များက ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက လူငယ်များ ကျောင်းစာပေများအပြင် ပြင်ပဗဟုသုတများ သိရှိလာစေရန်နှင့် အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အဆိုပါ စာဖတ်စွမ်းရည်ပြိုင်ပွဲအား ကျင်းပခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေဗဟုသုတများ ကြွယ်ဝလာစေရန် အကြောင်းအရာများဖြင့် ဦးဆောင်ကာ ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော မြို့ပေါ်ရပ်ကွက်အသီးသီးမှ လူငယ်များက သက်ဆိုင်ရာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်အသီးသီးမှ လူငယ် ၅၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

### ပြည်သူ့စာကြည့်တိုက်၌ အခြေခံချည်ထိုးနည်းသင်တန်း ဖွင့်လှစ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အခြေခံချည်ထိုးနည်းသင်တန်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်၌ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ခရိုင်ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံချည်ထိုးနည်းသင်တန်းသို့ ကျောင်းသူ ၂၀ ဦး တက်ရောက်ခဲ့ပြီး မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---

### လူထုအခြေပြုဗဟိုဌာန၌ နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်

ကျောင်းသားလူငယ်လေးများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ပန်းချီအနုပညာကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် အနုပညာဖန်တီးနိုင်စွမ်း မြင့်မားလာစေရန်အတွက် နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သာသနာ့အထူးကုဆေးရုံကြီးသို့ ဆိုလာမီး လှူဒါန်း

**မန္တလေး မတ် ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၆၂ လမ်းနှင့် ၁၄လမ်းထောင့်ရှိ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး အရေးပေါ်လူနာကုသဆောင် (OPD)ဆေးခန်းအား ညနေ ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ကုသမှုလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်လျက်ရှိသော ငွေကျပ် ၄၂ သိန်းတန်ဖိုးရှိ ဆိုလာမီး (Solar Power Station) ကို အလှူရှင် ဦးကျောက်စိမ်း+ဒေါ်ခင်မိုးဆွေ မိသားစုက အဆိုပါ ဆေးရုံခန်းမဆောင်၌ ယမန်နေ့က လာရောက်လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ လှူဒါန်းမှုအတွက် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မော်ကွန်းထိန်း ဒေါက်တာ ဘဒ္ဒန္တကုမုဒဆရာတော်က ရေစက်ချတရားဟောကြားချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းတွင် အာဟာရဒါနကုသိုလ်ပြု လှူဒါန်း

**မန္တလေး မတ် ၂၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊တံခွန်တိုင်ဈေးအရှေ့ဘက် ရန်အောင်မင်္ဂလာလမ်း၊ မြောက်ဥယျာဉ်ရပ်ကွက်၊ ခနွောတိုက်ရှိ အမှတ်(၂၅) ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းတွင် မတ် ၂၄ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့နေ မနှင်းကေသီဦး (ROYAL BKK ယိုးဒယားတီရှပ်အထည်ဆိုင်) မှ မွေးနေ့အလှူအဖြစ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ကလေးငယ် ၅၀၀ ကျော်အား ထမင်းဟင်းလျာများ ကုသိုလ်ပြုလှူဒါန်းခဲ့သည်။

YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းတွင် လသားကလေးအရွယ်မှ တက္ကသိုလ်ဝင်တန်း အရွယ်အထိ တိုင်းရင်းသားကလေးစုံ ဦးရေ ၅၂၀ ကျော်ရှိပြီး ကလေးငယ်များ၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်ရေး၊ စားဝတ်နေရေးများအတွက် ထောက်ပံ့ကူညီလှူဒါန်းလိုပါက ကျောင်းတာဝန်ခံဆရာတော် ဖုန်း ၀၉-၂၅၆၅၀၀၂၁၁၊ ၀၉-၇၇၅၅၄၄၂၅၅ များသို့ ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၀၇၀)**



## မန္တလေးချမ်းသာကြီးဆန်လှူအသင်းကြီးသို့ ဆွမ်းဆန်တော်အိတ်များနှင့် ငွေများလှူဒါန်း

**မန္တလေး မတ် ၂၅**

မန္တလေးချမ်းသာကြီး ဆန်လှူအသင်းကြီးသည် မန္တလေးခြောက်မြို့နယ်ရှိ ဝါဆိုသံဃာအပါး ၃၃၀၀၀ကျော်တို့အား (၅၆)ကြိမ်မြောက် မဟာတန်ဆောင်လဒါနဆွမ်းဆန်တော်လောင်းလှူနိုင်ရေး၊ ဓမ္မာစရိယကျမ်းပြီး၊ ကျမ်းစွဲသီလရှင်များနှင့် ဝါဆိုသီလရှင်များအား ဆွမ်းဆန်တော်လောင်းလှူနိုင်ရေး၊ မန္တလေး ဇီဝိတဒါနသံဃာဆေးရုံ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်းဆေးရုံ၊ တိုင်းရင်းဆေးရုံတို့အား လှူဒါန်းနိုင်ရန်၊ သက်တော် ၈၀ ကျော်၊ သိက္ခာတော် ၆၀ကျော် မဟာထေရ်မြတ်ကြီးများနှင့် မန္တလေး၊ စစ်ကိုင်း၊မင်းကွန်းဒေသအတွင်း သီတင်းသုံးတော်မူသော အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား (၄၇)ကြိမ်မြောက် သက်တော်ရှည်ဂုဏာဝယဝုဒ္ဓိပူဇော်ပွဲတွင် လှူဒါန်းရန်နှင့် အဘိဝံသဘွဲ့တံဆိပ်တော်ရ ပညာကျော်စာချဆရာတော်များအား ဆွမ်းဆန်တော်လှူဒါန်းရန် ချမ်းသာကြီးဆန်လှူအသင်း အမှုဆောင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။



ဆွမ်းဆန်တော်လှူဒါန်းနိုင်ရေးအတွက် မြန်မာပြည်အရပ်ရပ်မှ စေတနာအလှူရှင်များ၊ အသင်းထောက်များမှ ဆွမ်းဆန်တော်လှူဒါန်းလျက်ရှိရာ မတ်၂၄ရက်က မန္တလေးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အမှုဆောင်များ၊ ရန်ကုန်ရောက်မန္တလေးသားများက ဆွမ်းဆန်တော်အတွက်ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊မန္တလေးမြို့မှ အလှူရှင်များက ဆွမ်းဆန်တော်တစ်တင်းခွဲအိတ် ၁၅၇၅ အိတ်၊ ဆွမ်းဆန်တော်အလှူငွေကျပ် ၂၉၃ သိန်းကျော်ကို လည်းကောင်း၊ နယ်အသင်းထောက်များမှ ဆွမ်းဆန်တော်တစ်တင်းခွဲအိတ် ၂၅၂၈ အိတ် ပေးပို့လှူဒါန်းထားသည်။ **(အပေါ်ဝဲပုံ)**

ဆွမ်းဆန်တော်များလှူဒါန်းလိုပါက လေးပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၊ရှစ်ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ချမ်းသာကြီးဆန်လှူအသင်း၂၆လမ်းနှင့် ၈၁လမ်းထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း၀၉-၄၄၄၉၆၅၆၅၅၊ ဥက္ကဋ္ဌ ဖုန်း ၀၉-၄၀၂၆၀၆၁၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၅)**

## သရက်မြို့၌ ဆေးပဒေသာပင်အလှူငွေပေးအပ်ပွဲ ကျင်းပ

**သရက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက သရက်ခရိုင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်း၌ ကျင်းပရာ ခရိုင်ဆရာဝန်ကြီးနှင့်ဝန်ထမ်းများ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးစိုးလှမြင့် အဖွင့်အမှာစကားပြောကြားပေးခဲ့ပြီး သရက်ခရိုင် ပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာ ညွန့်ရွှေအောင်က သရက်ခရိုင်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် ရသုံးအခြေအနေနှင့် ကျန်ရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြပေးခဲ့သည်။

ထို့နောက် အလှူရှင် ဦးတင်အောင်မြင့်က လှူဒါန်းမှုအခြေအနေနှင့် ပတ်သက်သည်များ ရှင်းလင်းပေးခဲ့ပြီး ခရိုင်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ သရက်ခရိုင် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်က လက်ခံပေးခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် ခရိုင်ပြည်သူ့ဆေးရုံ ဖျားနာကုသဆောင်မှ အထူးကုဆရာဝန်(ဆေးပညာ)ဒေါက်တာရဲကျော်မိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)စော်ထက်(သရက်)**



# သတိပြုဖွယ် သတင်းနယ်ပယ် (၁၉)

နိုင်ဗလ

တချို့က ထင်ပေါ်ချင်၍ သတင်းစာဆရာလုပ်သည်။ တချို့က နေရာတကာ စပ်စပ် စပ်စပ်ပါချင်၍ သတင်းစာဆရာလုပ်သည်။ တချို့က စားပေါက်ချောင်၍ သတင်းစာဆရာလုပ်သည်။ တချို့က နေရာရလို၍ သတင်းစာဆရာလုပ်သည်။ တချို့က အများကို လွှမ်းမိုးလို၍ သတင်းစာဆရာလုပ်သည်။ တချို့က သတင်းစာပညာကို ထဲထဲဝင်ဝင် စိတ်ဝင်စား၍ သတင်းစာဆရာလုပ်သည်။ တချို့က စာပေ၊ ကဗျာ၊ အနုပညာဝါသနာဖြင့် သတင်းစာဆရာလုပ်သည်။ တချို့က အလုပ်မရှိ၍ လုပ်သည်။ တချို့က ခိုနားရာအဖြစ် သတင်းစာဆရာလုပ်သည်။ တချို့က ဘဝတစ်ခုကို ပြောင်းလဲလို၍ သတင်းစာဆရာလုပ်သည်။ တချို့က အကြောင်းတစ်ခုကို ဖျောက်ဖျက်လို၍ သတင်းစာဆရာလုပ်သည်။ တချို့က စာပေရေးသားလို၍ သတင်းစာဆရာလုပ်သည်။ တချို့က တာဝန်ပေး၍ သတင်းစာဆရာလုပ်သည်။ တချို့က ဘုမသိ၊ ဘမသိဖြင့် သတင်းစာဆရာလုပ်သည်။ တချို့က လူတွင်ကျယ်လုပ်ချင်၍ သတင်းစာဆရာလုပ်သည်။ ရည်ရွယ်ချက်မျိုးစုံဖြင့် သတင်းစာဆရာလုပ်ကြသည်ကို တွေ့ရသည်။ မည်သည့်အကြောင်းကြောင်းကြောင့် သတင်းစာဆရာလုပ်သည်ဖြစ်စေ၊ မည်သည့်ရည်ရွယ်ချက်ဖြင့် သတင်းစာဆရာလုပ်သည်ဖြစ်စေ၊ သတင်းစာဆရာစစ်စစ်တို့သည် သတင်းစာလုပ်ငန်းကို အတူတွဲ လုပ်ကိုင်ကြလျှင် လပိုင်း (သို့မဟုတ်)နှစ်ပိုင်းအတွင်း ထိုသတင်းစာဆရာ၏ ခံယူချက်နှင့် စေတနာကို ကွက်ကွက်ကွင်းကွင်း သိမြင်ကြသည်သာ ဖြစ်သည်။ မြွေမြွေချင်း ခြေမြင်သည်ဆိုသော ဆိုရိုးစကားသည် အလကားဖြစ်ပေါ်လာခြင်း မဟုတ်ပေ။

သတင်းစာဆရာလုပ်မည်ဆိုက သတင်းစာပညာကို အမြဲလေ့လာသင်ယူနေရမည်ဖြစ်သည်။ ခေတ်ဟောင်း သတင်းစာပညာကို ကြေညက်သကဲ့သို့ ခေတ်သစ် သတင်းစာပညာကိုလည်း မျက်ခြေပြတ်၍မရ၊ မျက်စေ့ကို အမြဲဖွင့်နေရမည်၊ နားကို အမြဲစွင့်ထားရမည်ဖြစ်သည်။ သတင်းစာဆရာသည် ရေဒါတစ်ခုကဲ့သို့ ပတ်ဝန်းကျင်မှ သတင်းပုံရိပ်များကို စဉ်ဆက်မပြတ် ဖမ်းမိနေအောင် ကြိုးစားရမည်ဖြစ်သည်။သတင်းစာပညာကို လုံးဝမသိဘဲ သတင်းစာလုပ်ငန်းလုပ်ရင်း စိတ်ဝင်စားကာ တော်သော၊ တတ်သော သတင်းစာဆရာဖြစ်လာကြသူများလည်း ရှိသည်။ ထိုသူမျိုးမှာ စဉ်ဆက်မပြတ် လေ့လာနေတတ်သူများဖြစ်သည်။ မတောက်တခေါက်မျှ တတ်ပြီး လူတွင်ကျယ်လုပ်လိုစိတ်ရှိသူတို့မှာမူ အမှားအယွင်းနှင့် အဆင်မပြေမှုများနှင့် ရင်ဆိုင်၍ အန္တရာယ်နှင့်ပါ ရင်ဆိုင်ကြုံတွေ့ရတတ်ပေသည်။

**သတင်းစာဟူသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုအခြင်းအရာ၊ အတွေးအခေါ် ဖြစ်ပေါ်ပြောင်းလဲမှုများကို အကောင်းသို့ဖြစ်စေ၊ အဆိုးသို့ဖြစ်စေ ပို့ဆောင်ဖန်တီးနိုင်သည့် အစွမ်းအာနိသင်ရှိသည်။ ထိုသို့ အစွမ်းအာနိသင်ရှိသော်လည်း လုပ်ငန်းဆိုင်ရာ အတတ်ပညာ၊ အသိအမြင်တို့ဖြင့် ဆောင်ရွက်ရသော လုပ်ငန်းဖြစ်ရာ အတတ်ပညာ၌ ကျွမ်းကျင်သော၊ အသိအမြင်၌ ပြည့်ဝသော သတင်းစာသည်သာ အကောင်းအမှန်သို့ ပို့ဆောင်နိုင်သည်**ဟု ၁၉၉၉-၂၀၀၀ ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူးရုံးခန်းတွင် စတင်ဖွင့်လှစ်ခဲ့သော သတင်းစာ ပညာသင်တန်းအမှတ်စဉ်(၁)တွင် စတင်ဖွင့်လှစ်သောနေ့တွင် ကြေးမုံ၊ မြန်မာ့အလင်း၊ ရတနာပုံသတင်းစာတို့တွင် အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်ခဲ့သူ၊ သတင်းစာ၊ဂျာနယ်မျိုးစုံတွင် ကျင်လည်ခဲ့သူ ဆရာကြီးဦးခင်မောင်ကြီးက လေးလေးနက်နက် ပြောကြားခဲ့သည်။ဆက်လက်၍ အစိုးရသတင်းစာများ၏ နိုင်ငံရေးရပ်တည်ချက်သည် နိုင်ငံ့စီးပွားရေး၊ လူမှုရေးစနစ် တည်ဆောက်ရေးလုပ်ငန်း၏ အထွေထွေနိုင်ငံရေးလမ်းကြောင်းကြီးဖြစ်ရာ ဓနရှင်၊ မြေရှင်၊ နိုင်ငံရေးပါတီအစုအဖွဲ့များ၏ နိုင်ငံရေးနှင့် လုံးဝခြားနားသည်။ အစိုးရသတင်းစာများသည် ခြယ်လှယ်သူ လူတန်းစားများ၏ အာဘော်မဟုတ်ဘဲ တောင်သူလယ်သမား၊ လုပ်သားပြည်သူများ၏ အတွေးအခေါ်ပြောင်းလဲရေး၊ တိုင်းရင်းသားလူမျိုးများ ချစ်ကြည်သွေးစည်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို ကောင်းစွာဖော်ထုတ်ရေးဖြစ်သည်။ ထိုတာဝန်ကို ထမ်းဆောင်နိုင်ရန်အတွက် သတင်းစာဆရာသည် ရည်ရွယ်ချက်ကောင်း ထားနိုင်ရမည်ဖြစ်ကြောင်း သင်ကြားပေးခဲ့သည်။ "သတင်းစာဆရာကောင်းတစ်ယောက်ဖြစ်လာစေရန် တစ်ခုတည်းသောရည်ရွယ်ချက်မှာ တိုင်းပြည်အား ပြုပြင်နိုင်သော အချက်အလက်များကို နေ့၊ ညမရွေး ရှာဖွေဆည်းပူး၍ မိမိကိုယ်တိုင်က စွယ်စုံဗဟုသုတများ ပြည့်စုံနေရန်နှင့် တိုင်းပြည်အား ပြုပြင်နိုင်သူ ခေါင်းဆောင်ကောင်းတစ်ယောက်ကဲ့သို့ မိမိ၏ အကျင့်သိက္ခာကို မယိမ်းမယိုင် ထိန်းသိမ်းနိုင်ရမည်" ဟူသော သတင်းစာဆရာကြီးတစ်ဦး၏ စကားကို ကိုးကား၍လည်း လမ်းညွှန်ပြသပေးခဲ့သည်။

**'သတင်းစာဆရာများသည် စုပေါင်း၍ ဝါဒဖြန့်ချိသူများ၊ စုပေါင်း၍ လှုံ့ဆော်ပေးသူများဖြစ်သည်သာမဟုတ်၊ စုပေါင်း၍ စည်းရုံးဦးဆောင်ပေးသူများလည်း ဖြစ်သည်'ဟု ရုရှားနိုင်ငံခေါင်းဆောင်ကြီး လီနင်က ပြောကြားခဲ့ဖူးသည်။ ဗြိတိသျှသတင်းစာဆရာဟောင်းဝပ်နော်တင်က 'ရုရှားနိုင်ငံတွင် ဆော်လရှိဗစ်များ အာဏာသိမ်းယူပြီးလျှင်ပြီးချင်း ပထမဆုံးလုပ်ဆောင်သည့်လုပ်ငန်းမှာ လူထုကို စာဖတ်တတ်အောင် သင်ကြားပေးခြင်းဖြစ်သည်။ ဒုတိယလုပ်ဆောင်သည့်လုပ်ငန်းမှာ စာဖတ်တတ်လာသည့် လူထုကြီးအတွက် သတင်းစာများ ထုတ်လုပ်ပေးခြင်းဖြစ်သည်'ဟု ဆိုထားသည်။ ရုရှားနိုင်ငံ၏ သတင်းစာကို အဓိကဦးစားပေးလုပ်ဆောင်ပုံကို မီးမောင်းထိုးပြပေးခြင်းဖြစ်သည်။ ရုရှားနိုင်ငံတော်ကြီးကို သတင်းစာဖြင့် တည်ဆောက် တိုးတက်ကြီးပွားစေခဲ့သည်ဟုပင် ဆိုနိုင်ပေသည်။**

သတင်းဟုဆိုရာတွင် ယခင်ဆောင်းပါးများ၌ အကျဉ်းမျှတင်ပြပြီးဖြစ်၍ အထူးမတင်ပြလိုသော်လည်း သတင်းစာတွင် ပါဝင်သည့် သတင်းများ ရုပ်လုံးကြွစေရန်၊ သက်ဝင်လှုပ်ရှားလာစေရန်၊ အထောက်အထားဖြစ်စေရန် မပါမဖြစ်သော သတင်းဓာတ်ပုံနှင့်ဆိုင်ရာအား တင်ပြလိုပေသည်။ ရှေးက သတင်းစာဆရာဟောင်းကြီးများသည် သတင်းထောက်ခန့်ထားရာတွင် ရိုးရိုးသတင်းထောက်နှင့် ဓာတ်ပုံသတင်းထောက်ဟူ၍ ခွဲခြားထားသည်ကို လေ့လာသိရှိရသည်။ ရိုးရိုးသတင်းထောက်ကို စာသတင်းထောက်ဟု ခေါ်ဆို၍ သတင်း စာသားရေးသားရန် တာဝန်ယူသည်။ စာသတင်းထောက်သည် မိမိကိုယ်တွေ့မှဖြစ်စေ၊ မေးမြန်း၍ဖြစ်စေ သတင်းကို ရယူရေးသားကြသည်။ စာသတင်းထောက်သည် စက္ကူနှင့် ကလောင်ရှိလျှင် ရေးသားနိုင်ပေသည်။ ဓာတ်ပုံသတင်းထောက်အနေဖြင့် အခင်းဖြစ်၊ သတင်းဖြစ်ရာသို့ ကိုယ်တိုင်ရောက်မှသာ သတင်းဓာတ်ပုံ ရနိုင်မည်ဖြစ်သည်။ ကင်မရာ၏ အခြေအနေ၊ ရာသီဥတု၊ အချိန်၊ နေရာတို့ကြောင့် ဓာတ်ပုံကောင်းရရန်လည်း ခဲယဉ်းလှသည်။ ကင်မရာပစ္စည်းနှင့် ဓာတ်ပုံပစ္စည်းတို့၏ အရွယ်အစား၊ နည်းပညာ အားနည်းမှုတို့ကြောင့် ဓာတ်ပုံသတင်းရရန် ခဲယဉ်း၍ ဓာတ်ပုံသတင်းထောက် ထားရခြင်းဖြစ်သည်။ ယခုခေတ်၌မူ လွယ်ကူလှသည်။ သတင်းဓာတ်ပုံအတွက် လွယ်ကူ ပေါ့ပါးသော နည်းပညာမြင့် ကင်မရာများလည်းရှိနေပြီး အဝေးမှပင် ရိုက်ကူးနိုင်သော ကင်မရာများလည်းရှိပြီး လူတကာကိုင်သော ဖုန်းမှလည်း ဓာတ်ပုံကောင်းများရသည်။ အခင်းဖြစ်နေရာသို့ ကိုယ်တိုင်မရောက်လည်း လူမှုကွန်ရက်မှပုံများကို အလွယ်တကူ ရရှိနေပြီ ဖြစ်သည်။

၁၉၈၈ ခုနှစ်ကာလက ဖြစ်သည်။ နိုင်ငံရေးအခြေအနေကြောင့် မိမိတို့ပညာသင်ကြားရေးကမောက်ကမဖြစ်ပြီး ဘွဲ့မရရှိသေးဘဲ ဖြေတစ်လှည့်၊ မဖြေတစ်လှည့်၊ ကျတစ်လှည့်၊ အောင်တစ်လှည့်ဖြင့် ကျောင်းသက်ရှည်နေသည့် ကာလဖြစ်သည်။ တပ်မတော်က စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်သည်။ ညမထွက်ရ ကန့်သတ်သည်။ မြို့ရွာ မတည်ငြိမ်ဖြစ်သည့် ကာလဖြစ်သည်။ ထိုစဉ်က ကျောင်းသားဖြစ်သော်လည်း မိဘနှင့်တွဲ၍ မြို့၊ ရွာနှင့် မိမိနေရာ လုံခြုံရေးတာဝန်ကိုလည်း ယူရသည်။ငြိမ်ဝပ်ပိပြားရေးအတွက် ကူညီရသည်။ မှုခင်းသတင်းများ မှတ်တမ်းများအတွက်လည်း တတ်နိုင်သမျှ ကူညီခဲ့ရသည်။ ကင်မရာပစ္စည်းများက မကောင်း၊ တစ်ခါတစ်ရံ အော်တိုကင်မရာ အသေးစား သုံးရသည်။ နေ့၊ ည အချိန်မရွေး သတင်းပုံရိုက်ရ၊ သတင်းရေးခဲ့ရသည်။ ညပိုင်းတွင် ဒုက္ခရောက်သည်၊ အလင်းမလုံလောက်၍ ဓာတ်မီးသုံးရသည်။ ဆိုင်ကယ်မီး၊ ကားမီး သုံးရသည်။ စက်ဘီး ခွထောက်ထောက်၍ တစ်ဦးက လှည့်ပေးပြီး မီးလင်းအောင်လုပ်၍ ဓာတ်ပုံရိုက်ရသည်။ တစ်ခါတစ်ရံ စက္ကူစုတ် မီးရှို့၍ အလင်းရအောင် လုပ်ရသေးသည်။လိုအပ်လျှင် တစ်ဦးတည်း ညသန်းခေါင်တွင်လည်း စက်ဘီးတစ်စီးဖြင့် သွားရသည်။ တစ်ခါတစ်ရံ ဆိုင်ကယ်ဖြင့် သွားသည်။ လုံခြုံရေးအဖွဲ့များကလည်း အထူးခွင့်ပြုပေးထားသည်။ တစ်ခါတစ်ရံ နောက်မှ အဖော်ပါသည်။ ယခင်က မန္တလေးနေ့စဉ်သတင်းစာတွင် ကာတွန်းဆွဲခဲ့သော ကဲကဲဖြစ်သည်။ အန္တရာယ်များ၊ လက်နက်များကြားမှ တစ်ဦးတည်း သတင်းယူခဲ့ရသည်။ ကြောက်ရကောင်းမှန်းမသိ၊ တာဝန်ပေး၍သာ လုပ်သည်။ မည်သည့်အကျိုးအမြတ်ခံစားခွင့်မျှ ရယူခဲ့ခြင်းမရှိပေ။ သတင်းဓာတ်ပုံ အရေးပါ၍ ထိုမျှစွန့်စား၊ ပင်ပန်းခံခဲ့ခြင်းဖြစ်သည်။

စာနယ်ဇင်းတို့တွင် သတင်းဓာတ်ပုံ(News Photo)သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ခေတ်ဟောင်းက စာနယ်ဇင်းများတွင် ဓာတ်ပုံမသုံးနိုင်၍ စာသားချည်း ထုတ်ခဲ့ကြရသည်။နောက်ပိုင်းတွင် အရုပ်ပုံပန်းချီဖြင့် ရေးသားသရုပ်ဖော်ခဲ့ကြသည်။ယခုခေတ်တွင် သတင်းစာ၊ စာနယ်ဇင်းတို့တွင် ဓာတ်ပုံက မပါမဖြစ် အရေးပါလှသည်။ ဓာတ်ပုံတွင် ရိုးရိုးဓာတ်ပုံ (အလှရိုက်၊ အပျော်ရိုက်၊ ရှုခင်း၊ အဆောက်အအုံ)နှင့် လှုပ်ရှားမှုပါပြီး အဖြစ်အပျက်ကို ကွင်းကွင်းကွက်ကွက် ပေါ်လွင်စေသော သတင်းဓာတ်ပုံဟု နှစ်မျိုးခွဲနိုင်သည်။လှုပ်ရှားမှုဆိုရာတွင် ကိုယ်အင်္ဂါ၊ အရာဝတ္ထုလှုပ်ရှားမှုသာမက အမူအရာနှင့် စိတ်လှုပ်ရှားစေမှုတို့လည်း ပါဝင်သည်။ ရိုးရိုးဓာတ်ပုံကိုလည်း တစ်ခါတစ်ရံ သတင်းဓာတ်ပုံအဖြစ်သုံးသည်။ သတင်းဓာတ်ပုံကိုမူ သတင်းကိုစာဖြင့် ရေးမည့်အစား ပုံဖြင့် ထိမိစွာ အခိုင်အမာဖော်ပြခြင်းဖြစ်သည်။ တရုတ်စကားပုံတွင် "စာလုံးတစ်ထောင်ဖြင့် ရေးပြခြင်းထက် ရုပ်ပုံတစ်ပုံဖြင့် ဖော်ပြခြင်းက ပို၍တာသွား၏" ဟု ဆိုထားသည်။ သတင်းဓာတ်ပုံနှင့်ပတ်သက်လျှင် လောလောလတ်လတ်သတင်းဓာတ်ပုံ(Spot News Photo)၊ စိတ်ဝင်စားစရာဓာတ်ပုံ(Human interest)၊ဆောင်းပါးဓာတ်ပုံ(Feature Photo)၊ ကြော်ငြာဝါဒဖြန့်ဓာတ်ပုံ(Publicity Photo)၊ ဒူးပေါ်ပေါင်ပေါ်ဓာတ်ပုံ(Chease Cake Photo, Leg-art Photo)၊ရှုခင်းသာပုံ(Salon Photo)ဟုရှိသည်။ ခေတ်မီသတင်းစာကြီးများတွင် စာနယ်ဇင်းဆိုင်ရာ ဓာတ်ပုံအတွက် အယ်ဒီတာတစ်ဦးကို သီးခြားတာဝန်ပေးလေ့ရှိသည်။ သတင်းစာဆရာကြီး၊ မန္တလေးနေ့စဉ်သတင်းစာအကြံပေးပုဂ္ဂိုလ်၊ကြေးမုံ၊ မြန်မာ့အလင်း၊ရတနာပုံသတင်းစာအယ်ဒီတာချုပ်ဟောင်း၊ဂျာနယ်၊စာစောင်များတွင် သတင်းထောက်၊ အယ်ဒီတာတို့ဖြင့် သတင်းစာ၊စာနယ်ဇင်းလောကတွင် ကျင်လည်ခဲ့သော ဦးခင်မောင်ကြီးက အစဉ်အဆက် သင်ကြားမှုအဖြစ်-

**ဘဝသည် လှုပ်ရှားမှုဖြစ်သည်။ သတင်းဓာတ်ပုံသည် ဘဝ၏အစိတ်အပိုင်းဖြစ်၍ လှုပ်ရှားရသည်။ ထို့ကြောင့် တန်းစီရိုက်ကူးထားသော (Firing Squad Photograph)ကို လုံလောက်သော အကြောင်းပြချက်မရှိလျှင် အသုံးမပြုကင်မရာကို စောင်းငဲ့ကြည့်ကာ ကိုယ်ဟန်ပြသော ပုံမျိုးကိုလည်း လုံလောက်သောအကြောင်းပြချက်မရှိလျှင် မသုံးစွဲရချေ။သတင်းဓာတ်ပုံသည် မည်မျှသက်ဝင်လှုပ်ရှား စကားပြောနေသည်ဖြစ်စေ ထိုသတင်းဓာတ်ပုံအတွက် ကိုယ်စားစကားပြောပေးမည့် 'ပုံစာ' (Caption)လိုအပ်ပေသည်။ ထို့ကြောင့် သတင်းဓာတ်ပုံ ပုံစာကိုလည်း 'ဘ'ခြောက်လုံးကျင့်စဉ်အတိုင်း ပြည့်စုံစွာရေးသားရန်လည်း လွန်စွာအရေးကြီးကြောင်း သင်ကြားခဲ့သေးသည်။**

နေ့စဉ် ဖြစ်ပျက်နေသော အခြင်းအရာများကို သတင်းပုံဖြင့် မှတ်တမ်းတင်ကြသည်။ စာနယ်ဇင်းများတွင် ဖော်ပြသော ဓာတ်ပုံ၊သတင်းများသည် သမိုင်းဝင်များဖြစ်သည့် ခေတ်သမိုင်းများဖြစ်သည်။ ခေတ်ကို ဝေဖန်ခြင်း၊ သရော်ခြင်း၊ လှောင်ပြောင်ခြင်း၊ ရှုံ့ချခြင်းစသည်ဖြင့် အမျိုးမျိုးမှတ်တမ်းတင်နိုင်သည်။ ထိုမှတ်တမ်းများ မပျောက်ရန်လည်း အရေးကြီးလှပေသည်။ သို့မှ နောင်တစ်ခေတ်တွင် သမိုင်းအထောက်အထားကျန်မည်ဖြစ်သည်။ သတင်းဓာတ်ပုံများနှင့်ပတ်သက်၍ အနုပညာမြောက်ရန် လို၊ မလိုဟူသော ခေါင်းစဉ်ဖြင့် မော်စကိုမြို့တွင် ဆွေးနွေးခဲ့ကြဖူးသည်။ ထိုဆွေးနွေးပွဲတွင် "အစ္စဘက်ရှားသတင်းစာ"ဓာတ်ပုံဌာနအကြီးအကဲ ဗီရာရှော့စကီးဆိုသူက "သတင်းကို ဖော်ပြပြီး အနုပညာအရည်အသွေးရှိသော ဓာတ်ပုံများ လိုအပ်သည်"ဟု အတိအလင်း ပြောကြားထားသည်။

**သတင်းဓာတ်ပုံများသည် အဖြစ်အပျက်ကို မှန်ကန်ကြောင်း သက်သေပြခြင်း၊ သမိုင်းသက်သေခံအထောက်အထား မှတ်တမ်းမော်ကွန်းဝင်ဖြစ်စေခြင်း၊ စာနယ်ဇင်းဖတ်သူတို့ စိတ်ဝင်စားစေရန် ဆွဲဆောင်နိုင်ခြင်း၊ စာနယ်ဇင်း၏ အဆင်တန်ဆာသဖွယ်ဖြစ်ခြင်း၊ စာဖတ်သူအဖို့ စာသားသတင်းထက် ဓာတ်ပုံကို မြင်တွေ့လွယ်ခြင်း၊ စာမတတ်သူပင် သိမြင်ခံစားနိုင်ခြင်းတို့ကြောင့် အရေးကြီးလှသည်။ သတင်းစာ၊ စာနယ်ဇင်းတို့သည် သတင်းဓာတ်ပုံများ ဖော်ပြပေးရာတွင် အရည်အချင်းပြည့်မီသော ရသပေးစွမ်းနိုင်သော သမိုင်းမှတ်တမ်းဖြစ်သော ဓာတ်ပုံများကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ လေးလေးနက်နက် ရွေးချယ်သုံးစွဲနိုင်စေကြောင်း စာနယ်ဇင်းမှ ဗဟုသုတ၊ သင်ကြားခဲ့ရမှု ကိုယ်တွေ့တို့ကို မှီး၍ တင်ပြလိုက်ရပေသည်။**




# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## မျက်နှာပေါ်က အနာအဆာတွေကိုဖုံးအုပ်ပေးမယ့် Colour Corrector တွေအကြောင်း သိကောင်းစရာ

မိတ်ကပ်လိမ်းတဲ့အခါမှာ Concealer ကို ဝက်ခြံ၊ အမည်းစက်၊ အဖု အပိန့်တွေနဲ့ အခြား အနာအဆာတွေကို ဖုံးအုပ်ဖို့အတွက် အသုံးပြုကြတယ် ဆိုတာသိပြီးကြမှာပါ။ Colour Corrector ဆိုတာကတော့ Concealer လိုပဲ မျက်နှာပေါ်က အနာအဆာတွေအားလုံးကို ဖုံးအုပ်ပေးနိုင်တဲ့ Concealer အမျိုးအစားတစ်မျိုးဖြစ်ပြီး သူကတော့ မျက်နှာပေါ်မှာရှိတဲ့ အနာအဆာအခြေအနေနဲ့ အရောင်ပေါ်မူတည်ကာ အသုံးပြုရတာဖြစ်ပြီး မျက်နှာနဲ့ တစ်သားတည်းဖြစ်စေပြီး သဘာဝဆန်ဆန်သပ်သပ်ရပ်ရပ်နဲ့ မိတ်ကပ်ကို ပိုပြီးလှပစေပါတယ်။ Colour Corrector မှာ အရောင်တွေ အများကြီးရှိတဲ့အထဲက အခြေခံသမားတွေအတွက်




အသုံးပြုရတာ အလွယ်ကူဆုံးအရောင်လေးရောင်ရဲ့ အသုံးပြုပုံကို ဖော်ပြလိုက်ပါတယ်။

(၁) အစိမ်းရောင်

Colour Corrector ထဲက အစိမ်းရောင်ကတော့ နို့စိမ်းရောင်လိုဖြစ်ပြီး ဝက်ခြံတွေနဲ့ အဖုတွေကို ဖုံးအုပ်ဖို့အတွက် အသုံးပြုရတာ ဖြစ်ပါတယ်။

(၂) လိမ္မော်ရောင်

Colour Corrector ထဲက လိမ္မော်ဝါအရောင်ကတော့ မျက်လုံးအောက်တစ်ဝိုက်က မျက်ကွင်းညိုနေတာတွေကို ဖုံးအုပ်ဖို့အတွက် အသုံးပြုပေးနိုင်ပါတယ်။

(၃) မက်မွန်သီးရောင်

Colour Corrector ထဲက အပန်းရောင်သန်းတဲ့ မက်မွန်သီးအရောင်ကတော့ မျက်နှာပေါ်က အမည်းစက်နဲ့ အမာရွတ်တွေကို ဖုံးအုပ်ရာမှာ လိမ်းခြယ်ပေးရတာ ဖြစ်ပါတယ်။

(၄) ခရမ်းရောင်

Colour Corrector ထဲက ခရမ်းနုရောင်ကတော့ နဖူး၊ နှာခေါင်းနဲ့ မေးစေ့တစ်ဝိုက် ခပ်ထင်းထင်းဖြစ်စေဖို့နဲ့ မျက်နှာပေါ်မှာ မညီညာဘဲ မည်းနေတဲ့နေရာတွေကို ပင်ကိုယ်အသားအရေတစ်ပြေးညီတည်းဖြစ်အောင် လိမ်းပေးရတာဖြစ်ပါတယ်။

(၅) အနီရောင်

Colour Corrector ထဲက အနီရောင်ကတော့ မျက်ကွင်းအလွန်ညိုလွန်းတဲ့သူတွေကို အသုံးပြုပေးရတာဖြစ်ပါတယ်။

Colour Corrector ကို အောက်ခံမိတ်ကပ်လိမ်းပြီးတဲ့အခါမှာ မျက်နှာပေါ်က အနာအဆာတွေရဲ့အခြေအနေပေါ်မူတည်၍ အရောင်တွေကိုရွေးချယ်အသုံးပြုပြီး အနာအဆာနေရာတွေမှာ ဖုံးအုပ်ပေးရတာ ဖြစ်ပါတယ်။ **(Daisy)**

## ခန္ဓာကိုယ် သွယ်လျလှပစေပြီး အာဟာရပြည့်ဝစေတဲ့ အစားအစာများ

အခုခေတ်မှာ ခန္ဓာကိုယ်ပိန်ဖို့အတွက် ဝိတ်ချတဲ့နည်းလမ်းပေါင်းစုံအသုံးပြုကြပြီး အများစုကတော့ ဖြတ်လမ်းနည်းဖြစ်တဲ့ အဆီကျဆေးသောက်ခြင်း၊ အစဖြတ်ချင်း၊ အဆီဖျော်ဆေးထိုးခြင်း၊ စက်ကိရိယာနဲ့ အဆီဖြတ်ခြင်းတွေကို လုပ်တတ်ကြပြီး ကျန်းမာရေးနဲ့လည်း ညီညွတ်ပြီး ဝိတ်ကျစေတဲ့ လေ့ကျင့်ခန်းတွေကို မလုပ်ချင်ကြပါဘူး။ အစာကိုဖြတ်ချလိုက်တာက ရုတ်တရက် ဝိတ်ကျသွားပေမယ့် ကျန်းမာရေးကိုလည်း ထိခိုက်နိုင်စေတဲ့အပြင် ပြန်စားတာနဲ့ ဝိတ်အမြန်ပြန်တက်လာမှာပါ။ ခန္ဓာကိုယ်ကို အဝမလွန်အောင်၊ ခန္ဓာကိုယ် သွယ်လျလှပအောင် ထိန်းသိမ်းနိုင်တဲ့ အကောင်းဆုံးနည်းကတော့ အာဟာရပြည့်ပြီး ဝိတ်မတက်စေတဲ့ အစားအစာတွေစားပြီး ထိန်းသိမ်းနည်းပါပဲ။

ခန္ဓာကိုယ်တွင်း အဆီတွေကို ချေဖျက်မှု အားကောင်းစေတဲ့ အစားအစာတွေကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ပဲအမျိုးမျိုး တစ်ခွက်စာ ၁၅ ဂရမ်မှာ လုံလောက်တဲ့ ပရိုတင်းဓာတ်ပါဝင်ပြီး ခန္ဓာကိုယ်ကို အဆီဓာတ်မရရှိစေဘဲ ပရိုတင်းဓာတ်ကို ဖြည့်စွမ်းပေးတာကြောင့် အဆီပိုတွေ မရရှိစေဘဲ သွယ်လျလှပစေပါတယ်။

(၂) ထောပတ်သီးမှာ အမျှင်ဓာတ်နဲ့ ပရိုတင်းတွေကြွယ်ဝစွာ ပါဝင်ပြီး ထောပတ်သီးတစ်စိတ် ဒါမှမဟုတ် တစ်ဝက်စာကို နေ့စဉ်စားပေးပါက ဗိုက်မှာရှိတဲ့အဆီတွေကို ချေဖျက်မှုကို အားပေးပါတယ်။

(၃) သစ်တော်သီးတစ်လုံးမှာ တစ်နေ့တာ လိုအပ်တဲ့ အမျှင်ဓာတ်ရဲ့ ၁၅ ရာခိုင်နှုန်းပါဝင်ပြီး လေ့လာတွေ့ရှိချက်တွေအရ တစ်နေ့ကို သစ်တော်သီး သုံးလုံးစားသုံးသူတွေက မစားသုံးသူတွေထက် ကိုယ်အလေးချိန်လျှော့နည်းတာကို တွေ့ရပါတယ်။

(၄) အုတ်ဂျုံမှာ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်တာကြောင့် တစ်နေကုန် ဗိုက်ပြည့်တင်းမှု ဖြစ်စေပါတယ်။


(၅)ဖြူဖွေးအောင် ကြိတ်ခွဲထားတဲ့ ဆန်ထက် ဆန်လုံးညိုက အမျှင်ဓာတ် ပိုမိုရရှိနိုင်ပြီး အာဟာရပြည့်ဝစေတဲ့အပြင် အဆီချေဖျက်မှုကိုလည်း အားပေးပါတယ်။


(၆) အာလူးမှာ ကာဗိုဟိုက်ဒရိတ် များစွာပါဝင်ပေမယ့် ပေါင်မုန့်တစ်ချပ်ထက် ဗိုက်ပြည့်မှု သုံးဆပိုပါတယ်။ အာလူးမှာ ကစီဓာတ်ကြွယ်ဝပြီး အဆီချေဖျက်မှုကို အားပေးပါတယ်။

(၇) ငှက်ပျောသီးမှာပါဝင်တဲ့ အာဟာရဓာတ်တွေက ကိုယ်အလေးချိန်ကို ထိန်းသိမ်းပေးနိုင်ပြီး အဆီလောင်ကျွမ်းမှုကို အားကောင်းစေပြီး ဗိုက်ပြည့်စေပါတယ်။

(၈) မနက်စာမှာ ပရိုတင်းဓာတ် အပြည့်အဝရရှိနိုင်တဲ့ ကြက်ဥ စားသုံးထားပါက တစ်နေကုန် အစာစားချင်စိတ်မဖြစ်အောင် ထိန်းချုပ်ထားနိုင်ပါတယ်။

**(Daisy)**






## လည်ပင်းအရေပြား မပျော့တွဲစေဖို့အတွက် လေ့ကျင့်ခန်းများ

အများစုမျက်နှာကိုသာ သေချာဂရုစိုက်ကြပေမယ့် လည်ပင်းတစ်ဝိုက်ကိုတော့ ဂရုစိုက်ဖို့မေ့နေတတ်ကြပါတယ်။ မျက်နှာကို နေ့စဉ် sun cream နဲ့ skin care တွေလိမ်းသလိုမျိုး လည်ပင်းအရေပြား အရေးအကြောင်းတွေမဖြစ်စေဖို့အတွက် suncream ကို လိမ်းပေးဖို့လိုအပ်ပါတယ်။ လည်ပင်းအရေးအကြောင်းတွေ သက်သာစေဖို့အတွက် လည်ပင်းလေ့ကျင့်ခန်းကို နံနက်၊ ညမှာ တစ်ကြိမ်စီ ပြုလုပ်ပေးနိုင်ပါတယ်။

လည်ပင်းလေ့ကျင့်ခန်းအတွက် ပါးစပ်မှ O (အို) ဟု အသံထွက်ရပါမယ်။ ဒီလိုပြုလုပ်ရာမှာ လည်ပင်းကြောတွေအထိကိုပါ အားစိုက်ပြီး အကြိမ် ၂၀ လောက် ခပ်ဖြည်းဖြည်း ပြုလုပ်ပေးသွားပါ။ ပြီးတဲ့အခါ ညာဘက်လက်ကို လည်ပင်းအပေါ်တင်ရပါမယ်။ အဲဒီနောက် ဦးခေါင်းကို အနောက်ဘက် လှန်လိုက်ပါ။ အဲဒီအချိန်မှာ ညာဘက်လက်က လည်ပင်းအရေပြားကို အောက်ဘက်သို့ ဆွဲချပေးရပါမယ်။ အကြိမ် ၂၀ ပြုလုပ်ပေးပါ။

နောက်ထပ်တစ်မျိုးကတော့ လည်ပင်းအရေပြားကို ညာဘက်လက်နဲ့ ထိကိုင်ထားရပါမယ်။ ပြီးတဲ့အခါ ဦးခေါင်းကို ဘယ်နှင့်ညာသို့ တစ်လှည့်စီလှည့်နေတုန်း လက်ကနေပြီး လည်ပင်းအရေပြားကို ဆွဲချပေးရပါမယ်။ ဒီလိုမျိုးကိုလည်း အကြိမ် ၂၀ ပြုလုပ်ပေးရပါလိမ့်မယ်။

အဲဒီနောက် ပက်လက်လဲလျောင်းရပါမယ်။ ဦးခေါင်းတစ်ခုတည်းကိုပဲကြွပြီး ဘယ်ညာလှည့်ပေးပြီး အကြိမ် ၂၀ ပြုလုပ်ပေးခြင်းဖြင့် မျက်နှာပြင်အရေပြား တင်းရင်းဖို့အတွက်ပါ အထောက်အကူပြုပါလိမ့်မယ်။ လည်ပင်းကြွက်သားတွေ သန်မာစေမယ့် နောက်ထပ် လေ့ကျင့်ခန်းတစ်ခုကတော့ ပါးစပ်မှ အင်္ဂလိပ်စာလုံး a, e, i, o နဲ့ u ကို တစ်လုံးစီ ပါးစပ်မပိတ်ဘဲ ဆက်တိုက်ရွတ်ရမှာဖြစ်ပြီး တစ်ခါလုပ်ရင် အကြိမ် ၂၀ အထိ ပြုလုပ်ပေးရပါမယ်။

မေးစေ့နဲ့ လည်ပင်းအတွက် ရိုးရှင်းတဲ့ လေ့ကျင့်ခန်းတစ်မျိုးကတော့ လျှာထိပ်ကို အာခေါင်မှာ စက္ကန့်အနည်းငယ်လောက် ထောက်ပေးရပါမယ်။ သတိရရင်ရသလို အချိန်တိုင်း ပြုလုပ်ပေးနေရင် အကျိုးထူးလာပါလိမ့်မယ်။

နောက်ထပ် လည်ပင်းလေ့ကျင့်ခန်းတစ်မျိုးကတော့ ပါးစပ်ကို လုံးဝတင်းတင်းပိတ်ထားပြီး အတွင်းကနေ လျှာကို စက်ဝိုင်းပုံလှည့်ပေးရပါလိမ့်မယ်။ အကြိမ်များစွာ ပြုလုပ်ပေးရပါလိမ့်မယ်။ ပထမတော့ နာရီလက်တံအတိုင်းပေါ့။ အကျင့်ရသွားရင်တော့ နာရီလက်တံအတိုင်း ပြောင်းပြန်တစ်လှည့်စီ လှည့်ပေးရပါမယ်။ အကြိမ်များစွာ ပြုလုပ်ပေးရပါလိမ့်မယ်။

နောက်ထပ် လေ့ကျင့်ခန်းကတော့ ပါးစပ်ဟပြီး သွားကို တင်းတင်းစေ့ကာ ပြုံးပေးရမှာဖြစ်ပြီး ၁၀ ကြိမ်လောက် ပြုလုပ်ရမှာပါ။ လည်ပင်းနဲ့ ပခုံးအတွက် ပခုံးကို စက်ဝိုင်းပုံ ဘယ်နဲ့ညာတစ်ဖက်စီ လှည့်ရမှာဖြစ်ပြီးရင် နှစ်ဖက်စလုံးကို ပြိုင်တူလှည့်ရပါမယ်။ သတိရရင်ရသလို ပြုလုပ်ပေးခြင်းဖြင့် လည်ပင်းတစ်ဝိုက် အရေးအကြောင်းတွေကို သက်သာစေမှာ ဖြစ်ပါတယ်။

**(Daisy)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန်...

❖ အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့် ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်





နေပြည်တော် မတ် ၂၅

e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီ ဥက္ကဋ္ဌများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက မြန်မာနိုင်ငံ၏ e-Government ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို Myanmar e-Governance Master Plan 2030 ၏လမ်းပြမြေပုံတွင် ရည်မှန်းထားသော အဆင့်များအတိုင်းအောင်မြင်စေရန် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ICT Infrastructure များတည်ဆောက်ခြင်း၊ e-Procurement နှင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ခြင်း၊ စံများသတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ပြည်သူ့အီလက်ထရောနစ်ဝန်ဆောင်မှုများ လျင်မြန်စွာ တိုးတက်လာစေရန်နှင့်e-Government ကို ထိရောက်မြန်ဆန်စွာ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် အကောင်းဆုံးနည်းလမ်းများကို ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းပြီး ဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက e-Government လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့်လမ်းညွှန်မှုခံယူရန် အချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီးနိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## မြန်မာ့လက်ရွေးစင်အသင်းက အာဖဂန်နစ္စတန် အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် မတ် ၂၅**

2027 AFC Asian Cup Qualification - third round ၂၀၂၇ အာရှဖလားခြေစစ်ပွဲ တတိယအဆင့်အုပ်စု(c) ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက အာဖဂန်နစ္စတန် အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မြန်မာ့လက်ရွေးစင်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၂၈မိနစ်တွင် သန်းပိုင်၊ ပွဲချိန် ၇၅မိနစ်တွင် မောင်မောင်လွင်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် 2027 AFC Asian Cup Qualification - third round ၂၀၂၇ အာရှဖလားခြေစစ်ပွဲ တတိယအဆင့် အုပ်စု(c) ဒုတိယပွဲစဉ်အဖြစ်လာမည့် ဇွန် ၁၀ ရက်တွင် ပါကစ္စတန်အသင်းနှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။ (NGB)

## MNL ကလပ် ရခိုင်ယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက်အသင်း ကစားသမားသစ်များ စတင်ခေါ်ယူ

**ရန်ကုန် မတ် ၂၅**

မြန်မာနေရှင်နယ်လိဂ်ကလပ်များဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ကစားသမားသစ်များ စတင်ခေါ်ယူနေပြီဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ရာသီသစ်အတွက် ပထမဆုံးခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင် ဂိုးသမား ဇင်ညီညီအောင်ကို ခေါ်ယူခဲ့သည်။ ဇင်ညီညီအောင်သည် ဒဂုံစတားယူနိုက်တက်အသင်းမှ ပြောင်းရွှေ့လာသူဖြစ်ပြီး ပြီးခဲ့သည့် 2024 Asean Cup ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၏ ဦးစားပေးဂိုးသမားဖြစ်လာသလို မတ် ၂၅ ရက်က အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအဖြစ် အာဖဂန်နစ္စတန်အသင်းအား အနိုင်ရသည့်ပွဲတွင်လည်း ပွဲထွက်ကစားခွင့်ရခဲ့သည်။

ထို့ပြင် ရခိုင်ယူနိုက်တက်အသင်းသည် မဟာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမားအောင်လှိုင်ဝင်းနှင့် ရှမ်းယူနိုက်တက်အသင်းမှ ဒဂုံစတားယူနိုက်တက်အသင်းတွင် အငှားသွားရောက်ကစားနေသည့် မြန်မာ့လက်ရွေးစင်ကွင်းလယ်ကစားသမား အောင်နိုင်ဝင်းတို့ကို တစ်ရာသီစာချုပ်များဖြင့် ခေါ်ယူခဲ့သည်။ ထို့အတူ ပြီးခဲ့သည့် ၂၀၂၄ MNL League Cup ပြိုင်ပွဲတွင် ကာလတို လာရောက်ကစားခဲ့ဖူးသည့် မြန်မာ့လက်ရွေးစင်ဟောင်း တောင်ပံတိုက်စစ်ကစားသမား ကြည်လင်းကိုလည်း ပြန်လည်ခေါ်ယူခဲ့သည်။ **သတင်း-ကိုညီလေး**